၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.835, October 9, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## တောင်အာဖရိက ရုန်းကန်မှု အတုယူကြဖို့ ဒေါ်အောင်ဆန်းစုကြည် ပန်ကြား

**VOA ၊ အောက်တိုဘာ ၄ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်းနက်စဘတ် တက္ကသိုလ် (University of Johannesburg) က အင်္ဂါနေ့မှာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပေးအပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံသားတွေလိုချင်ကြတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို သတ္တိရှိရှိ ကြိုးပမ်းရင်ရနိုင်တယ်လို့ သင်ကြားပေးတဲ့ တောင်အာဖရိကနိုင်ငံရဲ့ တက္ကသိုလ်ကပေးအပ်တဲ့ ဘွဲ့ကိုရတာဟာ ရဲစွမ်းသတ္တိနဲ့ မျှော်လင့်ချက်တွေရှိတဲ့ အသိုက်အဝန်းက လက်ခံမှုကိုရရှိလိုက်တာမျိုးလို့ဒေါ်အောင်ဆန်းစုကြည်က အခမ်းအနားကို ဗွီဒီယိုမိန့်ခွန်းပေးပို့ပြောကြားခဲ့ပါတယ် အပြည့်စုံကို ဒေါ်ခင်မျိုးသက်က တင်ပြထား ပါတယ်။

နိုင်ငံရေးအစဉ်အလာကြီးမားတဲ့ ဂျိုဟန်းနက်စဘတ် တက္ကသိုလ်ရဲ့ လူမှုဘာသာရပ်များ ဆိုင်ရာဌာနက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ ဒီမိုကရေစီရေးကြိုးပမ်းမှုတွေအတွက် ဂုဏ်ပြုတဲ့အနေနဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်ပေးအပ်ခဲ့တာပါ။

"ဂျိုဟန်းနက်စဘတ်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို လက်ခံရရှိတာဟာ ရဲစွမ်းသတ္တိနဲ့မျှော်လင့်ချက်တွေရှိတဲ့အသိုက်အဝန်း တခုကနေ လက်ခံမှုကို ရရှိလိုက်တာပါပဲ။ သင်တို့ရဲ့ တက္ကသိုလ်ကြီးဟာ ကမ္ဘာတလွှားက လူ့အခွင့်အရေးလှုပ်ရှားသူတွေအတွက် ခိုင်မာတဲ့ ထောက်ပံ့မှုတွေပေးတဲ့ ကျောင်းကြီးအဖြစ် ထင်ရှားပါတယ်။ မြန်မာနိုင်ငံက ဒီမိုကရေစီရေးလှုပ်ရှားနေသူတွေကလည်း သင်တို့ ကျောင်းကြီးရဲ့ ပံ့ပိုးမှုအသီးအပွင့်ကို ခံစားကြရပါတယ်။"

ဘွဲ့ပေးအပ်တဲ့အခမ်းအနားကို တက်ရောက်လာတဲ့ ထောင်နဲ့ချီတဲ့ပရိသတ်ကို ဒေါ်အောင်ဆန်းစုကြည်က ဗွီဒီယိုရုပ်သံကနေပြောကြားခဲ့တာပါ။ တောင်အာဖရိကနိုင်ငံဟာ အသားရောင်ခွဲခြားမှုပျောက်ဖို့ ၁၉၄၈ ခုနှစ်ကနေ ၁၉၉၄ ခုနှစ်အထိ ၄၆ နှစ်ကြာ ရုန်းကန်ခဲ့ရတဲ့ နိုင်ငံ တခု ဖြစ်ပါတယ်။

"တောင်အာဖရိကက ကျမတို့ မြန်မာနိုင်ငံကို သင်ကြားပေးတာ အများကြီးပါ။ ဘယ်လိုရုန်းကန်ကြိုးစားရမယ်။ သွေးစည်းညီညွတ်မှုဟာ ဘယ်လောက်အရေးကြီးတယ်၊ ဘယ်လို သွေးစည်းညီညွတ်အောင် လုပ်ရမယ်ဆိုတာတွေကို သင်ပေးခဲ့သလို ဆက်ပြီး သင်ယူနိုင်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ ကျမတို့ရဲ့ ဒီမိုကရေစီရေး လှုပ်ရှားကြိုးစားမှုဟာ ကာလကြာရှည်နေပါပြီ။ ဒါပေမဲ့ တောင်အာဖရိက လောက်တော့ မကြာသေးပါဘူး။ ကျမတို့လည်း ဒီမိုကရေစီပန်းတိုင်ကို သိပ်မကြာခင်မှာပဲ ရောက်နိုင်ဖို့ မျှော်လင့်ပါတယ်။"

တောင်အာဖရိကနိုင်ငံရဲ့ တကယ့်ပုဂ္ဂိုလ်ကြီးတွေဖြစ်တဲ့ နယ်လ်ဆင်မန်ဒဲလားနဲ့ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးတို့ကို မြန်မာနိုင်ငံသားတွေက အတုယူကြရသလို မြန်မာနိုင်ငံ ဒီမိုကရေစီပန်းတိုင်ကိုရောက်တဲ့အထိပံ့ပိုးပေးမယ်လို့ မျှော်လင့်ထားတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"မြန်မာနိုင်ငံသားတွေဟာ ငြိမ်းချမ်းရေးကို လိုချင်တယ်။ လွတ်လပ်မှုကိုရချင်တယ်။ လုံလုံခြုံခြုံ စိတ်ချလက်ချနေချင်တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လိုချင်ကြပါတယ်။ ဒါတွေအားလုံးကို ရဲစွမ်းသတ္တိ ရှိရှိနဲ့ ကြိုးပမ်းရင် ကျမတို့လည်း ရနိုင်တယ်ဆိုတာ တောင်အာဖရိ

**စာမျက်နှာ ၅ သို့**

| | | | | | |
|---|---|---|---|---|---|
| **ဒီမိုကရေစီရေး ထောက်ခံအားပေးကြဖို့ တောင်အာဖရိကကို ဒေါ်စုတိုက်တွန်း** | **ရွေးကောက်ပွဲမှာ ဒေါ်စုကိုယ်တိုင် ဝင်မယ်လို့ မျှား မှန်းထားပါသလား** | **မြစ်ဆုံရေကာတာ စီမံကိန်း နှစ်ဘက် သဘောတူညီမှုနိုင်ငံ သိအောင်ချပြဖို့ လို** | **မြန်မာနိုင်ငံအပြောင်းအလဲ အမေရိကန် အထူးကိုယ်စားလှယ် ကြိုးပမ်းမည်** | **ပြည်နယ်တွေနှင့် အပေးအယူလုပ်ဖို့ သမတကို အကြံပေးများက တိုက်တွန်း** | **မြစ်ဆုံစီမံကိန်းရပ်ဆိုင်းမှုအပေါ် အထက် လွှတ်တော်အမတ် ဂျွန်မက်ကိန်းအမြင်** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၆** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၆** | **စာမျက်နှာ ၁၉** |

VOB အာဘော်

# လွတ်လပ်ရေးရောင်ခြည်

နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်အောက်တွင် ပင်ပမ်းဆင်းရဲစွာဖြင့် ဘဝရုံးကန်နေကြရသော မြန်မာပြည်သူလူထုသည် မကြာတော့မည်ကာလတွင် လွတ်လပ်ရေးရတော့မည်ဟု ယုံကြည်သည်။ ဒုတိယ လွတ်လပ်ရေးဟု ဆိုနိုင်ပါသည်။ လွတ်လပ်ရေးရောင်ခြည်၊ ဒီမိုကရေစီအရိပ်အရောင်တွေ တစတစမြင်တွေ့လာရေပေပြီ။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ငြိမ်အေးချမ်း ချောမွေ့ညင်သာစွာ ပြောင်းလဲနိုင်ခဲ့ပြီဟု ယူဆသည်။။ ဒီမိုကရေစီလမ်းစဉ်ဖော်ဆောင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝတိုးမြင့်လာစေရေး ကဏ္ဍစုံပြုပြင်ပြောင်းလဲမှုများချမှတ်ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

သို့သော် ရာခိုင်နှုန်းပြည့် ဒီမိုကရေစီရပြီးဟုတော့ မဆိုနိုင်သေးသော်လည်း အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်ဆီသို့ဦးတည်နေသည့် အရိပ်အရောင်ကတော့ ထင်ထင်ရှားရှားတွေ့မြင်နိုင်ပေသည်။ ပြည်သူလူထု၏ ဆန္ဒသဘောထားတွေကို အရပ်သားအစိုးရ၏ သမတဦးသိန်းစိန်မှ ကောင်းမွန်မှန်ကန်စွာ သိရှိနားလည်းလာပြီဟု ဆိုပါသည်။ ထို့ကြောင့်လည်း ပြည်သူ့ဆန္ဒသဘောထားအတိုင်း မြစ်ဆုံရေကာတာစီမံကိန်းကို သမတအမိန့်ဖြင့် ရပ်ဆိုင်းလိုက်သည်။အကဲစမ်းစိန်ခေါ်မှုများစွာကိုရင်ဆိုင်ကျော်လွှား၍ယခုလိုရဲရင့်ပြတ်သားစွာ ဆုံးဖြတ်ချက်ချလိုက်မှုအပေါ် အထူးလေးစားစွာကြိုဆိုပါသည်။ အပြောင်းအလဲဖြစ်စဉ်တွင် အနှောင့်အယှက်အတားအဆီးများကို သမတကြီးအနေဖြင့် ရဲဝံ့ပြတ်သားစွာဖြင့် ဆက်လက်ရင်ဆိုင်ဖြေရှင်းသွားနိုင်မည်ဟုလည်း ယုံကြည်သည်။

မြန်မာပြည်သူလူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း ယခုလို သမတဦးသိန်းစိန်၏ မြစ်ဆုံစီမံကိန်းရပ်ဆိုင်းလိုက်သည့်အပေါ် ချီးကျူးထောပနာပြုကြိုဆိုထောက်ခံကြသည်၊ သမတကြီးအားလည်း အမှန်တကယ်ပြုပြင်ပြောင်းလဲရေးလိုလားသည့် ခေါင်းဆောင်ကောင်းတယောက်အဖြစ် ချီးကျူးပြောဆိုကြသည်။

မကြာမီရက်ပိုင်းအတွင်း နှစ်ရှည်ထောင်ဒဏ်ကျ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးတော့မည်ဟုလည်း ဆိုပါသည်။ ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရဲရဲဝံ့ဝံ့ဆက်လက် ကြိုးစားလုပ်ဆောင်သွားရန်လည်း အလေးအနက်တိုက်တွန်းလိုသည်။

တိုင်းပြည်အတွက် မွန်မြတ်သောစေတနာကောင်းများဖြင့် ကြိုးစားလုပ်ဆောင်လိုသည့် မျိုးဆက်ကျောင်းသားလူငယ်များပြန်လည်လွတ်မြောက်လာပါက တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကဏ္ဍအသီးသီး၌ ပါဝင်ထမ်းဆောင်ခွင့်ရကြတော့မည်ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းလုပ်ဆောင်ကြမည်ဆိုပါက မြန်မာနိုင်ငံသည် မြေကြီးလက်ခပ်မလွဲ အာရှဒေသအတွင်းသာမက ယဉ်ကျေးသော ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းအတွင်း မြန်မာလူမျိုးအဖြစ် ဂုဏ်သိက္ခာရှိစွာဖြင့် တင့်တယ်စွာ ရပ်တည်နေနိုင်ကြရတော့မည်ဖြစ်ပါကြောင်း။

# နိုင်ငံခြားမှ ပြန်လာသော မြန်မာပညာရှင်များ အဲန်ဒီအက်ဖ်မှာ သင်တန်းပို့ချ

**RFA ၊ အောက်တိုဘာ ၅ ။** ။ အမျိုးသားဒီမိုကရေစီ အင်အားစု (NDF) ပါတီရဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးသင်တန်း တရပ်ကို မန္တလေးမြို့မှာ အောက်တိုဘာလ (၅) ရက်နေ့က စတင် ဖွင့်လှစ်နေပြီး နိုင်ငံခြားက မြန်မာပညာရှင်တွေ လာရောက်ပို့ချမယ်လို့ သိရပါတယ်။

သီတင်းတပတ်ကြာကျင်းပမယ့် အဲဒီသင်တန်း အစီအစဉ်နဲ့ပတ်သက်လို့ ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက အာအက်ဖ်အေကိုအခုလို ပြောပါတယ်။

"နိုင်ငံခြားကလာတဲ့ ပညာရှင်တွေကတော့ ဒေါက်တာကျော်ရင်လှိုင်တို့၊ ဒေါက်တာတင်မောင်မောင်သန်းတို့ကတော့ ၉ ရက် ၁၀ ရက်လောက်မှ ပြောဖို့ အစီအစဉ်ရှိပါတယ်။ အစီအစဉ်တွေကတော့ နေ့စဉ်ကျင်းပသွားမှာပါ။ ပြည်တွင်းကတော့ အင်းဝဂုဏ်ရည် ဦးကိုလေးတို့နဲ့ တခြားပညာရှင်တွေ ဟောပြော ပို့ချပေးဖို့ ရှိပါတယ်။"

သင်တန်းကို နိုင်ငံရေးစိတ်ဝင်စားတဲ့ လူငယ်တွေသာမက မန္တလေးဆေးတက္ကသိုလ်ကျောင်းသားတွေအပါအဝင်နစ်ရာနီးပါးတက်ရောက်တယ်လို့ ဦးခင်မောင်ဆွေကပြောပါတယ်။ NDF ပါတီရဲ့ အထက်ဗမာပြည်က စီစဉ်တာဖြစ်တာကြောင့်လည်း ကချင်၊ ချင်းနဲ့ ရှမ်းပြည်နယ်တွေကပါတီဝင်လူငယ်တွေလည်းပါဝင်တယ်လို့သိရပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးမှာ ပြည်သူတွေရဲ့ အသိပညာ အရေးကြီးတာကြောင့် အခုလို သင်တန်းတွေကို ဆောင်ရွက်အကောင်အထည်ဖေါ်တာဖြစ်တယ်လို့ ဦးခင်မောင် ဆွေက ပြောပါတယ်။

ပြန်လှန်မေးခွန်းတွေအတွက် အချိန်များစွာ ပေးထားတဲ့အတွက် ဆရာတပည့် ပုံစံမဟုတ်ဘဲ မေးမြန်း ဆွေးနွေးဖြစ်ကြကြောင်း၊ သိလိုတာတွေကို မေးကြကြောင်း၊ ဥပမာ ဒီမိုကရေစီနှင့်ပတ်သက်သော အကြောင်းရပ်များ၊ နိုင်ငံတကာနှင့်ပတ်သက်ပြီး မရှင်းလင်းတဲ့ အချက်များ၊ အခြေခံဥပဒေနှင့်ပတ်သက်သော အကြောင်း အချက်များကို မေးမြန်းကြကြောင်း။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ရေ့စီးပွါးရေးအလားအလာမှာ အာဆီယံက ၂၀၁၅ မှာ အကောက်ခွန်မဲ့ လုပ်ဆောင်ဖို့ရှိရာမှာ မြန်မာနိုင်ငံက ဘယ်လိုလုပ်ကြမလဲ စသဖြင့် သိလိုတဲ့အချက်တွေ အများအပြား ရှိလာတာကို တွေ့ရကြောင်း ဦးခင်မောင်ဆွေက ပြောပါ တယ်။

သူကိုယ်တိုင်လည်း နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်လို့ မနေ့က ဆွေးနွေးပြောဆိုခဲ့တယ်လို့ ဆိုပါတယ်။ဒီကနေ့မှာတော့ ဒေါက်တာသန်းငြိမ်း၊ ဦးစိန်လှဦးနဲ့ ဒေါက်တာဝင်းနိုင်တို့ ဒီမိုကရေစီ၊ သတင်းမီဒီယာနဲ့ လူ့အခွင့်အရေး အခြေအနေတွေနဲ့ပတ်သက်လို့ ဆွေးနွေးဟောပြောကြမှာ ဖြစ်ပါတယ်။

# ဒီမိုကရေစီရေး ထောက်ခံအားပေးကြဖို့ တောင်အာဖရိကကို ဒေါ်စုတိုက်တွန်း

**VOA l အောက်တိုဘာ ၃ ။** ။ မြန်မာနိုင်ငံက တိုက်ခိုက်မှုတွေကြောင့် စိုးရိမ်ပူပန်မိပေမဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှု အောင်မြင်အောင် လုပ်ဆောင်ကြဖို့ သန္နိဋ္ဌာန်ချထားတယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။ တောင်အာဖရိက အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေး အတွက် ပိုပြီးတော့ လုပ်ဆောင်ပေးဖို့ တိုက်တွန်းသွားပါတယ်။ တောင်အာဖရိကနိုင်ငံ Johannesburg တက္ကသိုလ်က ဟောပြောပွဲတခုမှာ ဒေါ်အောင်ဆန်းစုကြည်က အင်တာနက်ကနေ မိန့်ခွန်းပြောသွားတာ ဖြစ်ပါတယ်။ အပြည့်စုံကို မအေးသန္တာကျော်က တင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ တိုက်ပွဲတွေ ဖြစ်ပွားနေတဲ့အခြေအနေကြောင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေး၊ နိုင်ငံမှာ သွေးစည်းညီညွတ်မှု ရရှိရေးကြိုးပမ်းမှုမှာ အဟန့်အတားဖြစ်နေရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားတာပါ။ Johannesburg တက္ကသိုလ်မှာတနင်္လာနေ့က ကျင်းပခဲ့တဲ့ တောင်အာဖရိကနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံရေးဘောင်ကျပ်နံကျပ်အခြေအနေဆိုတဲ့ခေါင်းစဉ်နဲ့ဟောပြောပွဲမှာ ဒေါ်အောင်ဆန်း စုကြည်က အင်တာနက်ကတဆင့် ဗွီဒီယိုနဲ့ပြောသွားခဲ့ တာဖြစ်ပါတယ်။

အဲဒီလိုခက်ခဲတဲ့အခြေအနေတွေရှိနေပေမဲ့ တကယ့်စစ်မှန်တဲ့ ပေါင်းစည်းမှုမျိုးရရှိအောင်လုပ်ဆောင်သွားမှာပါလို့လည်း ဒေါ်အောင်ဆန်းစုကြည်ကဆိုပါတယ်။ ဒီအခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အခမ်းအနားကိုတက်ရောက်သူတွေ အင်တာနက် ဗွီဒီယိုဆက်သွယ်မှုကတဆင့် မေးမြန်းမှုတွေ ပြုလုပ်သွားပြီးတဲ့ နောက်မှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလုပ်အမှုဆောင်ဖြစ်သူ နိုင်ငံရေးအကျဉ်းသားဟောင်း သတင်းစာဆရာကြီးဦးဝင်းတင်ကလည်း မြန်မာနိုင်ငံရေးအခြေအနေတွေကိုရှင်းပြရင်းနဲ့မြန်မာ့ဒီမိုကရေစီရေးကြိုးပမ်းမှုမှာအားဖြည့်ပါဝင်ကြဖို့ တိုက်တွန်းတဲ့မိန့်ခွန်းကို ဗွီဒီယိုကနေ ပြသခဲ့ပါတယ်။

ဒီအခမ်းအနားမှာ အဓိက ဟောပြောသူ နောက်တစ်ဦးဖြစ်တဲ့ မစ္စတာကီရူးနိုင်ဒူးကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီပေါ်ထွန်းရေး အတွက် တောင်အာဖရိကအစိုးရအနေနဲ့ အခုထက်ထိပိုပြီးတော့ လုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ပြောပါတယ်။

"တောင်အာဖရိကအစိုးရအနေနဲ့ မြန်မာနိုင်ငံဒီမိုကရေစီ ပေါ်ထွန်းရေးမှာ ပိုပြီး အင်အားစိုက်ထုတ်လုပ်ဆောင်ဖို့ အတွက် ကျနော်တို့တောင်းဆိုထားပါတယ်။ ဘာလို့လဲဆိုရင် ဖိနှိပ်တဲ့မြန်မာ အစိုးရနဲ့ ပတ်သက်ပြီး တောင်အာဖရိကအစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒက သတ်သတ်မှတ်မှတ်မရှိလို့ပါ။ အခုဆိုရင် မြန်မာနိုင်ငံမှာ အပြောင်း အလဲတွေ တွေ့လာရပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရဲ့တာဝန်ယူနိုင်ဖို့ ယှဉ်ပြိုင်တဲ့နေရာမှာ မျှမျှတတ ပါဝင်နိုင်အောင် ကျနော်တို့ ဆက်လက်ကြိုးပမ်းဖို့လိုအပ်ပါတယ်။"

တောင်အာဖရိကအခြေစိုက် မြန်မာနိုင်ငံ လွတ်မြောက်ရေးအဖွဲ့ FBC ရဲ့အဖွဲ့ဝင် မစ္စတာကီရူးနိုင်ဒူး(Kiru Naidoo) ပြောသွားတာဖြစ်ပါတယ်။ တောင်အာဖရိကအစိုးရဟာ ကမ္ဘာပေါ်မှာဖိနှိပ်တဲ့အစိုးရတွေကို ဆန့်ကျင်သူတွေဘက်က ပြတ်ပြတ်သားသားမရပ်တည်ဘူးလို့လည်း မစ္စတာနိုင်ဒူးက ဆိုပါတယ်။

ဒီသီတင်းပတ်တွင်း တောင်အာဖရိကမှာ ကျင်းပဖို့ရှိတဲ့ အသားအရောင်တိုက်ဖျက်ရေးမှာ ခေါင်းဆောင် ပါဝင်ခဲ့သူတစ်ဦးဖြစ်တဲ့ ဘုန်းတော်ကြီးဒက်စ်မွန်တူးတူးရဲ့ မွေးနေ့ပွဲအတွက်တိဘက်ဘာသာ ရေးခေါင်းဆောင်ဘုန်းတော်ကြီး ဒလိုင်းလားမား ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားတာကို တောင်အာဖရိကအစိုးရက မပေးသေးပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်က တောင်အာဖရိကအစိုးရကို ဝေဖန်သွားခဲ့ပါတယ်။ တောင်အာဖရိကအစိုးရဟာ တခြားနေရာတွေမှာဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေကြတာမှာ အားတက်သရော မပါဝင်ဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က တနင်္လာနေ့က Johannesburg တက္ကသိုလ်က ဟောပြောပွဲမှာ ဝေဖန်သွားတာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံတွင်းက ပြဿနာတွေကို အောင်အောင်မြင်မြင်နဲ့ ကျော်လွှားသွားနိုင်ကြသူတွေအနေနဲ့ တိုက်ပွဲဝင်နေကြဆဲ သူတွေအတွက် သတိရပေးရင်သိပ်ကောင်းမှာပဲလို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောသွားခဲ့ပါတယ်။

ဒီအခမ်းအနားကို တက်ရောက်ခဲ့တဲ့ FBC ရဲ့ ဥက္ကဋ္ဌ ဦးသိန်းဝင်းကတော့ တောင်အာဖရိကနိုင်ငံမှာ ဒီလိုမျိုးအခမ်းအနားမျိုး ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့တာကို ကြိုဆိုကြောင်း ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်တွေ့လိုက်ရတဲ့ အခုပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်ခင်တဲ့စိတ်လေးစားတဲ့စိတ်ကို သူတို့မျက်နှာတွေမှာမြင်တွေ့ရပါတယ်။ ဗွီဒီယိုပိတ်ခါနီးမှာ လက်ပြကြတာပေါ့နော်။ ပြီးတော့ အခုလို အမေးအဖြေလုပ်တာတွေကို ကြားရတာရယ်၊ ကီရူးနိုင်ဒူးရဲ့မြန်မာနိုင်ငံရဲ့ သမိုင်းအစဉ်အလာကို ပြောသွားတဲ့ ကိစ္စတွေအပေါ်မှာ သူတို့ မြန်မာနိုင်ငံကို ပိုသိလာပြီး ပိုပြီးတော့ ပါဝင်ပတ်သက်ချင်လာတယ် ဆိုတဲ့သဘောကို ကျနော်တို့ တွေ့ရပါတယ်။ ကျနော်ထင်ပါတယ်။ ဒီနေ့ လုပ်လိုက်တဲ့ပွဲဟာ ကျနော်တို့ မြန်မာနိုင်ငံ လွတ်မြောက်ရေးအတွက် ပိုပြီးတက်အားဖြစ်လာမယ့် သဘောမျိုးကို ဆောင်တယ်လို့ ကျနော် အဲဒီလိုပဲ မြင်ပါတယ်။"

တောင်အာဖရိကအခြေစိုက် မြန်မာနိုင်ငံ လွတ်မြောက်ရေးအဖွဲ့ FBC ရဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းပြောသွားတာဖြစ်ပါတယ်။ ဒီကနေ့ အင်္ဂါနေ့မှာတော့ Johannesburg တက္ကသိုလ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင်ဆုပေးအပ်မှာဖြစ်ပြီး သူ့ရဲ့ကိုယ်စားအဖြစ်နဲ့ဒေါ်အောင်ဆန်းစုကြည်နဲ့ အစ်ကိုဝင်းကွဲတော်စပ်ပြီး အဝေးရောက် မြန်မာနိုင်ငံညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာစိန်ဝင်းက အခမ်းအနားတက်ရောက်ပြီး ဆုလက်ခံရယူမှာဖြစ်ပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# လွတ်လပ်ခွင့်အကြောင်း

## လွတ်လပ်ခွင့်အကြောင်း (ပဥ္စမ–ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ့ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ အစိုးရဝါဒ သဘောမတူခြင်း အကြောင်း ဟောပြောချက် ပဥ္စမ ပိုင်းကို ဖော်ပြလိုက်ပါတယ်။

Reith Lectures ဟောပြောချက်ကို ဟောပြောဖို့ စိတ်ထဲ အတော် လှုပ်လှုပ်ရှားရှားနဲ့ ကျမ သဘောတူလိုက်တဲ့အခါမှာ အခြေခံ ဆန္ဒက ရိုးရိုးကလေးပါ။

ကျမတို့ရဲ့ အခန်းကဏ္ဍဟာ ဘာလည်းဆိုတာကို ဖော်ထုတ်ချင်တဲ့ ဆန္ဒဖြစ်ပါတယ်။ ကျမတို့ဆိုရာမှာ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်းကျမဆိုလိုပါတယ်။မြန်မာနိုင်ငံမှာဒီမိုကရေစီရေးအတွက် စည်းရုံးလှုပ်ရှားမှုမှာ ပါဝင်နေကြတဲ့ တခြားအုပ်စုအဖွဲ့တွေနဲ့ လူပုဂ္ဂိုလ်တွေကိုလည်း ကျမဆိုလိုပါတယ်။

ကျမတို့ဟာ ဒီမိုကရေစီရေးအတွက် ကြိုးပမ်းအားထုတ်မှုမှာ ပါဝင်နေတာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။ အဲဒီတော့ ကျမတို့ရဲ့အခန်းကဏ္ဍဟာ ဘာလည်းဆိုတာကို ကျမတို့သိသင့်တယ်လို့ မိတ်ဆွေတို့ကထင်နိုင်ပါတယ်။ ဟုတ်ပါတယ်။ ကျမတို့ရဲ့ အခန်းကဏ္ဍဟာ ဘာလည်းဆိုတာကို ကျမတို့သိပါတယ်။ ဒါပေမယ့် သိတန်သလောက်မျှသာသိပါတယ်။ ကျမတို့ဟာ NLD လို တခုသောပါတီ (သို့မဟုတ်) တခုသောအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေ ဖြစ်ကြပါတယ်လို့ပြောရတာက အလွယ်ကလေးပါ။ ဒါပေမယ့် အဲဒါကို ကျော်လွန်ပြီး ကြည့်လိုက်တဲ့အခါကျတော့ နည်းနည်းလေး မှုန်မှုန်ဝါးဝါးဖြစ်လာတတ်ပါတယ်။

ယမန်နှစ်နိုဝင်ဘာလအတွင်းက တတိယအကြိမ်မြောက် နေအိမ်အကျယ်ချုပ် ကာလကနေပြီး ကျမလွတ်မြောက်လာ တဲ့အချိန်မှာ ဒီအချက်ကို ကျမ အသေအချာ သတိပြုမိခဲ့ပါတယ်။ ကျမ ရှင်းပြရရင် ကောင်းမှာပါ။

အပြင်လောကနဲ့အဆက်အသွယ် ဖြတ်တောက်ခံရပြီး နေအိမ်အကျယ်ချုပ်နဲ့ကျမ နေထိုင်ခဲ့ရစဉ်အတွင်းမှာအဖြစ်အပျက်တွေအများကြီးဖြစ်ပျက်ခဲ့ပါတယ်။ အရေးအကြီးဆုံး အဖြစ်အပျက် နှစ်ခုကတော့ (မဖြစ်သင့် မဖြစ်ထိုက်တဲ့ အဖြစ်အပျက်လို့တောင် ကျမ ခေါ်ချင်စိတ်ဖြစ်မိပါတယ်။) မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ အဲဒီအဖြစ်အပျက်နှစ်ခုက ၂၀၀၈ ခုနှစ်မှာ လုပ်တဲ့ ဆန္ဒခံယူပွဲရယ်၊ သူ့နောက်က လိုက်တာတဲ့ ယမန်နှစ်က နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲရယ်၊ အဲဒီ နှစ်ခုဖြစ်ပါတယ်။ ဆန္ဒခံယူပွဲဟာ အခြေခံဥပဒေသစ်ကို မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းကျော် ထောက်ခံကြောင်း ပြသနိုင်အောင်လုပ်ခဲ့တာပါ။ သို့မဟုတ် ယုတ်စွအဆုံး စစ်အစိုးရရဲ့မျှော်လင့်ချက်က အဲဒီလို ပြသလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ပါ။

အခြေခံဥပဒေကလည်း စစ်တပ်အနေနဲ့ တိုင်းပြည်အကျိုး အတွက် လိုအပ်တယ်လို့ ထင်မြင်ယူဆတဲ့အခါ ဘယ်အခါမဆို အစိုးရအာဏာအားလုံးကို သိမ်းယူပိုင်ခွင့်ရှိစေမယ့် အခြေခံဥပဒေဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀ နီးပါးအတွင်း ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲဟာ ဗိုလ်ချုပ်ကြီးတွေရဲ့ နည်းနည်းအဓိပ္ပါယ်မရှိတဲ့ အခေါ်အားဖြင့် (စည်းကမ်းရှိသော ဒီမိုကရေစီသို့ လမ်းပြမြေပုံ) ဆိုတဲ့ အစီအစဉ်အတိုင်း နောက်က လိုက်လာဖို့ဖြစ်ပါတယ်။ အခြေအနေ ရှုတ်ထွေးလာတာဟာ အဲဒီအချိန်မှာပါ။

ဒီရွေးကောက်ပွဲမှာ ဝါဝင်ယှဉ်ပြိုင်ဖို့အတွက် နိုင်ငံရေး ပါတီသစ်တွေဟာ ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်ရပါတယ်။ ၁၉၈၈ ခုနှစ်တုန်းက မှတ်ပုံတင်ပြီးသား ပါတီအားလုံးလဲဘဲ မှတ်ပုံတင်ရပါတယ်။ ပါတီတွေဟာ ရွေးကောက်ပွဲမတိုင်ခင် ၂ နှစ်ကရေးဆွဲခဲ့တဲ့ အခြေခံဥပဒေကို စောင့်ထိန်းကာကွယ်ပါ့မယ်ဆိုတဲ့ ဝန်ခံကတိကိုလည်း ပြုကြရပါတယ်။ အကျဉ်းဒဏ်ခံနေရတဲ့ ပါတီဝင်မှန်သမျှကို ထုတ်ပယ်ပြစ်ပါ့မယ်ဆိုတဲ့ ဝန်ခံကတိကိုလည်းပြုကြရပါတယ်။ အကျဉ်းဒဏ်စီရင်ချက်ကို အယူခံဝင်နေသူတွေပါ ထုတ်ပယ်ခံရမယ့် အထဲမှာ ပါဝင်ပါတယ်။

NLD ဟာ မှတ်ပုံတင်ချင်ခဲ့လို့ရှိရင် ကျမကို ထုတ်ပယ်ပြစ်ရမှာဖြစ်တဲ့အတွက် ကျမလည်းဘဲ ပါဝင်နေပါတယ်။ မှတ်ပုံတင်တဲ့ လမ်းကြောင်းအစား NLD ရွေးချယ်ခဲ့တဲ့လမ်းကြောင်းကတော့မြန်မာနိုင်ငံမှာ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကင်းမဲ့ပုံကို ကျမတို့ အပြည့်အဝသိရှိပါသော်လည်းဘဲ နိုင်ငံရေးပါတီတခုအဖြစ်နဲ့ ဆက်လက်ပြီး ရပ်တည်ပိုင်ခွင့်အတွက် တရားရုံးမှာ လျှောက်ထားတဲ့လမ်းကြောင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ရွေးကောက်ပွဲအပြီး ရက်ပိုင်းအတွင်း ယမန်နှစ်က နေအိမ်အကျယ်ချုပ်ကနေပြီး ကျမ လွတ်လာတဲ့အခါမှာ မေးခွန်းတွေတသီကြီးကို ကျမ ရင်ဆိုင်ခဲ့ရပါတယ်။

အမေးဆုံး မေးခွန်းနှစ်ခုမှာ ပထမမေးခွန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဥကဒေအပြင်ဘက်က အဖွဲ့အစည်း ဖြစ်သွားသလားဖြစ်မသွားဘူးလားဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ဒုတိယမေးခွန်းကကျမတို့မပါဝင်တဲ့ တရားဝင် အတိုက်အခံရယ်လို့ ရှိလာပြီ ဖြစ်တဲ့အတွက် ကျမတို့ ပါတီရဲ့အခန်းကဏ္ဍကို ကျမ ဘယ်လိုမြင်ပါသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ တရားဝင်အတိုက်အခံနေရာကို အခု မြန်မာနိုင်ငံရဲ့ အမျိုးသားလွှတ်တော်မှာ ကိုယ်စားလှယ်နေရာ ၁၅ ရာခိုင်နှုန်းပင် မပြည့်အောင်ရထားတဲ့ ပါတီအနည်းငယ်က ယူခဲ့ပါတယ်။

ပထမမေးခွန်းက ဖြေဖို့လွယ်ပါတယ်။ ကျမတို့ဟာ ဥပဒေအပြင်ဘက်က အဖွဲ့အစည်းတခုမဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တရားဥပဒေနဲ့မညီတဲ့ အဖွဲ့အစည်းများဆိုင်ရာ ဥပဒေပြဌာန်းချက်တခုကိုမှ ကျမတို့ မချိုးဖောက်ခဲ့လို့ဖြစ်ပါတယ်။ ပါတီရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်တဲ့ ဒုတိယမေးခွန်းကတော့ ပိုခက်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ NLD ရဲ့အနေအထားဟာ ၁၉၉၀ ပြည့်နှစ်မှာလုပ်တဲ့ ရွေးကောက်ပွဲအချိန်ကစလို့ မကွဲမပြားဖြစ်နေပါတယ်။ အဲဒီနှစ်ကကျမတို့ဟာ လူထုဆန္ဒမဲရဲ့ ငါးပုံ လေးပုံကျော်ကို ရခဲ့တဲ့အတွက် အဲဒီတုန်းက တရားဝင်အမည် အားဖြင့် (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး

စာမျက်နှာ ၅ သို့

**မျက်နှာဖုံးမှ**

ကက သင်ပေးခဲ့တာပါ။ ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးဟာ မြန်မာနိုင်ငံသားတွေအတွက် အားကျစေယုံတင်မကဘဲ နှစ်ပေါင်းများစွာကူ ညီထောက်ပံ့မှုပေးခဲ့တာမို့ မြန်မာနိုင်ငံဒီမိုကရေစီရတဲ့အထိလည်းဆက်ပြီးကူညီမယ်လို့ယုံကြည်ထားသလိုအမြဲလည်းအမှတ်ရနေမှာပါ။”

ဒ့ါအပြင် ဒီမိုကရေစီရခဲ့ပြီးတဲ့နောက်မှာလည်း တောင်အာဖရိကမှာ အခုဆက်ပြီးကြိုးစားနေရသလို ကိုယ်မျှော်မှန်းထားတဲ့လူမှုအသိုက်အဝန်းတခုကိုရဖို့ မြန်မာနိုင်ငံသားတွေလည်း ဆက်ပြီးကြိုးစားရဦးမယ်ဆိုတာ သိထားတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ ဒီလိုရဖို့ ကြိုးစားရတာဟာ ကြောက်ရွံ့စရာမဟုတ်ကြောင်း တောင်အာဖရိကက သင်ကြားပေးတယ်လို့ဆိုပါတယ်။

“ရှန်းကန်ကြိုးစားမှုဆိုတာဟာ ကြောက်စရာမဟုတ်ဘဲ လူတိုင်းအတွက် အကောင်းဆုံးဖြစ်လာဖို့ စိန်ခေါ်မှု တခုဆိုတာကို တောင်အာဖရိကနိုင်ငံက ကမ္ဘာကို သင်ကြားပေးတာပါ။ အခု သင်တို့ရဲ့ တက္ကသိုလ်ကပေးတဲ့ဂုဏ်ထူးဆောင်ဘွဲ့နဲ့အခက်အခဲတွေကိုကျော်လွှားနိုင်ဖို့ ရှေ့ဆက်ကြိုးပမ်းနိုင်မယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ သင်တို့ရဲ့ ရဲစွမ်းသတ္တိနဲ့ ပြည့်ဝတဲ့ အသိုက်အဝန်းထဲမှာ ကျမကို လက်ခံတာအတွက် ကျေးဇူးတင်ပါတယ်။”

ဒီဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ကိုယ်စား တက်ရောက် ယူပေးခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစ်ကိုတဝမ်းကွဲ ဒေါက်တာစိန်ဝင်းကတော့ ဒါဟာ တတိယအကြိမ်မြောက် တောင်အာဖရိကနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုခဲ့တာဖြစ်ပြီး ဒီလိုနိုင်ငံမျိုးကပေးခဲ့တဲ့ အတွက် ဂုဏ်ယူသလို ဆက်ပြီး ကူညီဖို့လည်း ပြောပါတယ်။

“ဒီကနေ့ကမ္ဘာ့နိုင်ငံတွေလိုပဲ အသားရောင်မခွဲတဲ့နိုင်ငံဖြစ်မြောက်သွားတယ်ဆိုတာက လွယ်လွယ်နဲ့တော့ ဖြစ်တာမဟုတ်ဘူး။ ဒါတွေကို ကျတော်တို့မျက်မြင်တွေ့တယ်။ နယ်လ်ဆင် မန်ဒဲလားကနေ တိုင်းပြည်ကို သွေးထွက်သံယိုမဖြစ်ဘဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြေလည်အောင်လုပ်တယ်။ နှစ်ပေါင်း ၂၆ နှစ် ထောင်ကျပြီး နောက် ဆုံးတော့ ဒီ Apartheid (အသားရောင် ခွဲခြားမှု) ကို ကျင့်သုံးတဲ့လူတွေရဲ့ခေါင်းဆောင်ကိုယ်တိုင်ကနေပြီးတော့ လက်ခံလာရတာပေ့ါ။ သူတို့တိုင်းပြည်မှာ နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထဲမှာ သေတာတွေရှိတယ်။ အင်မတန်မှခက်ခဲတဲ့နေရာကနေပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တိုင်းပြည်ကို ပြန်ပြီးတော့ အခြေကျအောင် လုပ်တာပေ့ါ။ မြန်မာပြည်မှာ ဒီကနေ့ အခြေအနေကတော့ လွတ်လပ်မှု မရသေးဘူး။ ဒီမိုကရေစီမရသေးဘူး။ အဲဒီတော့ ဆက်လက်ပြီး ကူညီဖို့လိုတယ်လို့ ပြောတာပေ့ါ။”

ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၉၇ ခုနှစ်တုန်းကလည်း အလားတူ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို တောင်အာဖရိကနိုင်ငံ နာတဲလ် တက္ကသိုလ် (University of Natal) က ပေးအပ်ချီးမြှင့်တာကို ခံခဲ့ရပါတယ်။ ✡✡✡✡✡

---

**စာမျက်နှာ ၄ မှ**

အဖွဲ့) လို့ ခေါ်တွင်တဲ့ (မြန်မာ) စစ်အစိုးရကို အထိတ်တလန့်ဖြစ်သွားစေခဲ့ပါတယ်။ စစ်အစိုးရအုပ်ချုပ်ခဲ့တဲ့ နှစ်တွေမှာ Orwell ရဲ့ အသုံးအနှုန်းဆန်တဲ့ ဝေါဟာရတွေ တပုံတခေါင်းကြီး ပေါ်ထွက်ခဲ့ပါတယ်ရှင်။

ရွေးကောက်ပွဲမှာ မဲလိမ်တဲ့ (သို့မဟုတ်) မဲခိုးတဲ့ (သို့မဟုတ်) ရွေးကောက်ပွဲရလဒ်နဲ့ပတ်သက်ပြီး အငြင်းအခုန်ဖြစ်တဲ့ (သို့မဟုတ်) ရလဒ်ကို ငြင်းပယ်ခံရတဲ့ နိုင်ငံတွေဆိုတာရှိကြပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲရလဒ်ကို နိုင်ငံတော်ပြဌာန်းမှာ တရားဝင်ထုတ်ပြန်ကြေညာပြီးတဲ့နောက် ဘာမှမလုပ်ဘဲ ထားခဲ့တာကတော့ မြန်မာနိုင်ငံတနိုင်ငံထဲရှိတာသေချာပါတယ်။ ရွေးကောက်ပွဲပြီးတာနဲ့တပြိုင်နက် အနိုင်ရတဲ့ပါတီကို အစိုးရတာဝန်လွှဲအပ်မယ့် စစ်တပ်က စစ်တန်းလျားကို အေးအေးဆေးဆေး ပြန်သွားမယ်ဆိုပြီး ရွေးကောက် ပွဲမတိုင်ခင်မှာ စစ်အစိုးရခေါင်းဆောင်တွေက ကတိကဝတ် ပြုခဲ့ကြသော်လည်းဘဲ အနိုင်ရတဲ့ပါတီအတွက် သော်လည်းကောင်း၊ ရွေးကောက်ခံရတဲ့ ကိုယ်စားလှယ်တွေ အတွက်သော်လည်းကောင်း တကယ့်လက်တွေ့ အခန်းကဏ္ဍတခုကို ဖန်တီးပေးဖို့ရာ ဘာမှမလုပ်ခဲ့ပါဘူး။

၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲကနေပြီး ထွက်ပေါ်လာတဲ့အထူးခြားဆုံး အခြေအနေကတော့ နည်းလမ်းတကျ ဖွဲ့စည်းထားတာဘဲဖြစ်စေ ဖွဲ့စည်းမထားတာဘဲဖြစ်စေ ပါတီအားလုံးနဲ့ အဖွဲ့အစည်းအားလုံးကို အစီအစဉ်ချမှတ်ပြီး ဖိနှိပ်ခြင်း၊ နောက်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုလိုချင်တဲ့ မြန်မာနိုင်ငံပြည်သူလူထုရဲ့ အလိုဆန္ဒကို ဖြည့်ဆည်းပေးရမယ်ရယ်လို့ ဆက်လက်ပြီး တောင်းဆိုနေကြတဲ့ လူပုဂ္ဂိုလ်တွေကိုလည်း အစီအစဉ်ချမှတ်ပြီး ဖိနှိပ်ခြင်းဆိုတဲ့ အခြေအနေကြီးဖြစ်ပါတယ်။

ကျမတို့ဟာ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပါရဲ့။ ဒါပေမယ့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲဟာ(NLD)အတွက် အားအင်ချည့်နဲ့ခဲ့ရတဲ့ နှစ်တွေရဲ့အစဖြစ်ခဲ့ပါတယ်၊ပါတီဟာအသက်ရှင်ရပ်တည်ပြီးနေနိုင်အောင် အခိုင်အမာဆုံးဖြတ်ချက်နဲ့ ကြိုးပမ်းခဲ့ပါတယ်။ အသက်ရှင်ရပ်တည်နေနိုင်ရုံမျှပါ။ တက်ကြွလှုပ်ရှားနိုင်လောက်အောင် မဟုတ်ပါဘူး။ အမှတ်မထင် ကြည့်လိုက်သူတို့ အဖို့ရာမှာ ပါတီဟာ ဇီဝိန်ကြွေတော့မယ့်ပုံ ပေါက်စပြုနေပါပြီ။ အဲဒီအချိန်မတိုင်ခင် တနှစ်ကဘဲ ပါတီဥက္ကဌကြီး ဦးတင်ဦးရော (Movement for Democracy) (ဒီမိုကရေစီရေးလှုပ်ရှားမှု) မှာ အရေးကြီးတဲ့ တခြားအဖွဲ့ဝင်တွေရော ထောင်သွင်းအကျဉ်းချခံခဲ့ရပါတယ်။ ကျမလည်းဘဲ နေအိမ်အကျယ်ချုပ်နဲ့ထိန်းသိမ်းခံထားရပါပြီ။

နောက် ၆ နှစ်အကြာမှာ ဦးတင်ဦးနဲ့ ကျမတို့ လွတ်လာတဲ့ အချိန်ကိုရောက်တော့ ကျမတို့ပါတီရဲ့ အထက်မြက်ဆုံး လှုပ်ရှားသူအမြောက်အမြားဟာ ထောင်ထဲမှာရှိနေဆဲ ဖြစ်တာကိုရော၊ ပြည်ပကို ရှောင်တိမ်းကုန်ကြပြီ ဖြစ်တာကိုရော (သို့မဟုတ်) ကွယ်လွန်ကုန်ကြပြီ ဖြစ်တာကိုရော ကျမတို့ တွေ့ခဲ့ကြရပါတယ်။ ကွယ်လွန်သူတချို့ ဆိုလို့ရှိရင် ထိန်းသိမ်းခံနေရစဉ်အတွင်း ကွယ်လွန်ခဲ့ကြတာပါ။ တချို့လည်းဘဲ အောက်ထစ်ဆုံး ဆေးဝါးကုသမှု ခံစားခွင့်ကိုပင်လျှင် မပေးတဲ့ အကျဉ်းထောင်တွေထဲမှာ နေထိုင်ခဲ့ရတဲ့ နှစ်တွေရဲ့ ပင်ပန်းဒဏ်ဆင်းရဲဒဏ်ကြောင့် ကျန်းမာရေးမကောင်းတဲ့ အခြေအနေကို ရောက်နေကြပါတယ်။

ကျမတို့ရဲ့ပါတီရုံး အများစုဟာ အတင်းအကျပ် ပိတ်ခိုင်းတာကို ခံထားရပါတယ်။ ကျမတို့ရဲ့ပါတီ လုပ်ငန်းဆောင်တာတွေဟာ စည်းမျဉ်းစည်းကမ်း တပုံတခေါင်းကြီးနဲ့ အပြင်းအထန်ကန့်သတ် ချုပ်ချယ်တာကိုခံနေရပါတယ်။ ကျမတို့ရဲ့ ခြေလှမ်းတိုင်းကိုလည်းနေရာ တကာမှာ အမြဲရှိနေတဲ့ စစ်ထောက်လှမ်းရေး အဖွဲ့ဝင်တွေက အနီးကပ်ပြီး စောင့်ကြည့်နေပါတယ်။ ✡✡✡✡✡

# ရွေးကောက်ပွဲမှာ ဒေါ်စုကိုယ်တိုင် ဝင်မယ်လို့များ မှန်းထားတာရှိပါသလား

**VOB ၊ အောက်တိုဘာ ၂ ။** ။ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်ဟာ စက်တင်ဘာလ ၃၀ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၇ မိနစ်အထိ ရန်ကုန်မြို့စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်၊

ယနေ့တွေ့ဆုံဆွေးနွေးမှုတွင်နိုင်ငံတော်သမတကြီးကလွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် စဉ်းစားဆောင်ရွက်နေသည့်ကိစ္စ၊ ရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိစ္စ၊ ဥပဒေပြင်ပတွင် လက်နက်ကိုင်ဆောင်ဆန့်ကျင်နေကြသူများကို ဥပဒေဘောင်အတွင်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်ပေးရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့်ကိစ္စများနှင့်ပြည်တွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြတယ်လို့ဆိုပါတယ်။ တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားရန် သဘောတူညီ ကြကြောင်း သတင်းတွေရဲ့အမေးကို အခုလိုဖြေဆိုထားပါတယ်။

**ဦးအောင်လှထွန်း (Reuters) ။ ။** အစ်မရော၊ ဝန်ကြီးရော မေးချင်ပါတယ်၊ လွန်ခဲ့တဲ့ တပတ်လောက်ကပေါ့လေ၊ ဦးခင်အောင်မြင့်က ကမ္ဘောဒီးယားမှာပြောသွားပါတယ်၊ အစ်မသာ ပါလီမန်ထဲကိုဝင်လာခဲ့မယ်ဆိုရင် လက်ကမ်းကြိုဆိုမယ်လို့ ပြောသွားပါတယ်၊ အစ်မ ဝင်ဖို့အတွက်ကျတော့ ကျနော်တို့သိတာက Technically နည်းနည်း အဆင်မပြေဖြစ်နေပါတယ်၊ အစိုးရဘာက်က အဲဒါကို ဝင်ဖို အဆင်ပြေအောင်လုပ်ပေးနိုင်မယ့် အနေအထားရှိပါသလား၊ ဒါကတော့ဝန်ကြီးကို မေးတဲ့မေးခွန်းပါ၊ နောက်တပိုင်းကတော့ အစ်မကို မေးတဲ့မေးခွန်းပါ၊ တကယ်လို့ အဲဒီ NLD ကို အစိုးရဘာက်ကသာ အဲဒါကိုနည်းနည်းပါးပါး ပြုပြင်ပေးမယ်ဆိုရင် NLD ကို Register လုပ်ပြီးတော့ By Election အမိဝင်ဖို့အစီအစဉ်ရှိပါသလား၊ ရွေးကောက်ပွဲမှာ အစ်မကိုယ်တိုင် ဝင်မယ်လို့များမှန်းထားတာရှိပါသလား၊?....

**ဦးအောင်ကြည် ။ ။** ကျနော့်အနေနဲ့ ဦးစွာဖြေရမယ်ဆိုရင် ဥပဒေနဲ့အညီမှတ်ပုံတင်ပြီးသွားတဲ့အချိန်မှာ ကျနော်တို့ NLD နဲ့အတူလက်တွဲပြီးတော့ ဆောင်ရွက်သွားဖို့ဆိုတာကို အမြဲတမ်းကြိုဆိုလျက်ရှိပါတယ်လို့ ဖြေကြားလိုပါတယ်။

**ဒေါ်အောင်ဆန်းစုကြည် ။ ။** NLD အရတော့ ကျမက NLD အတွက်။ အားလုံးအတွက် ပြောပေးလို့မရဘူးလေ၊ CEC ကို ပထမတင်ပြရဦးမှာပါ၊ CEC ကို တင်ပြပြီးမှ ကျမတို့ ဘယ်လိုဖြေမလဲဆိုတာပြောနိုင်မှာဖြစ်ပါတယ်။

**ဦးအောင်လှထွန်း (Reuters) ။ ။** မနက်က NLD CEC ရဲ့ပြောရေးဆိုခွင့်ရှိတဲ့ ဦးဉာဏ်ဝင်းကပြောသွားပါတယ်၊ ဖြစ်နိုင်ဖွယ်ရှိပါတယ်လို့၊ မဝင်ဘူးဆိုတာ မဆုံးဖြတ်ထားဘူးဆိုတာ ကြားလို့ပါ၊?....

**ဒေါ်အောင်ဆန်းစုကြည် ။ ။** ကျမတို့က ရွေးကောက်ပွဲကို မူအရဆန့်ကျင်တာမဟုတ်ပါဘူး၊ ရွေးကောက်ပွဲဟာ ဒီမိုကရေစီစနစ်ရဲ့ တစိတ်တပိုင်းဖြစ်တယ်ဆိုတာ ကျမတို့လက်ခံပြီးသားပါ၊ ဒီလို ရွေးကောက်ပွဲဝင်ပုံဝင်နည်း အခြေအနေအခင်းအကျင်းအရ ကျမတို့ ဒါကိုပဲကြည့်မှာဖြစ်ပါတယ်၊

**ဒေါက်တာဇော်သန်း(ဆန်ကေးရှင်ဘွန်း သတင်းစာ)။ ။** ဒေါ်အောင်ဆန်းစုကြည်ကို မေးချင်ပါတယ်၊ နိုင်ငံတော်သမတကြီး ဦးသိန်းစိန်က မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ခေတ္တရပ်ဆိုင်းလိုက်တာနဲ့ပတ်သက်လို့ အစ်မရဲ့သဘောထားအမြင်ကို သိချင်ပါတယ်၊?....

**ဒေါ်အောင်ဆန်းစုကြည် ။ ။** ကျမတို့ နားလည်သဘောပေါက်တာက ဒီမနက် လွှတ်တော်ကို သမတကြီးဆီကနေ သဝဏ်လွှာပို့တယ်လို့ ပြောပါတယ်၊ အဲဒီသဝဏ်လွှာမှာဆိုရင် ပြည်သူလူထုရဲ့ စိုးရိမ်မှုတွေ ကြောင့်ကြမှုတွေ ထောက်ထားပြီးတော့ ဒီမြစ်ဆုံရေကာတာကြီးစီမံကိန်းကို ရပ်ဆိုင်းထားမယ်လို့ ဒီလိုမှာကြားလိုက်တယ်လို့နားလည်ပါတယ်၊ ဒါကတော့ ကျမအမြင်မှာတော့ ပြည်သူရဲ့အသံကို နားထောင်တာဟာ အင်မတန်မှကောင်းပါတယ်၊ဒီဟာဟာ အစိုးရတိုင်း လုပ်ရမယ့်ကိစ္စ ပါ၊ ပြည်သူရဲ့အသံကိုနားထောင်ရမယ်၊ ပြည်သူရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တကယ်ပဲလေးလေးနက်နက်ထားပြီးတော့ ဖြေရှင်းပေးရမယ်၊ အဲဒါကြောင့်မို့ ကျမ ဒါကိုကြိုဆိုပါတယ်၊

**ဦးသီဟစော (Open News) ။ ။** ပြည်သူလူထုထဲကနေ အချက်သုံးချက်ကို စောင့်စားမျှော်လင့်နေကြတယ်၊ တခုက နိုင်ငံရေး Process ထဲမှာအန်တီစုနဲ့ NLD တရားဝင်ပါဝင်ရေးကိစ္စ။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ဖို့ကိစ္စ။ တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေးပြေလည်မှုရယူဖို့ကိစ္စ ပြည်သူတွေကသိချင်နေကြတယ်။ စောင့်စားနေကြတယ်၊ အဲဒီသုံးခုမှာ အန်တီစုတို့အနေနဲ့ ဘယ်လောက်အထိပူးပေါင်းဆောင်ရွက်ခွင့်ရနေပြီလဲ၊ အန်တီစုအနေနဲ့ အချိန်ကျရင် ထုတ်ပြောမယ်ဆိုပြီး ပြောလေ့ရှိတယ်၊ အဲဒီအချိန်ကို အတိအကျ ပြောလို့ရပြီလား၊ ?....

**ဒေါ်အောင်ဆန်းစုကြည် ။ ။** ခုနတုန်းက ဝန်ကြီးဦးအောင်ကြည် ဖတ်သွားတဲ့အထဲမှာလည်း ပါပြီးပါပြီ၊ ကျမတို့က ဒီကိစ္စတွေကို ကျမတို့ဆွေးနွေးပြီးဖြစ်ပါတယ်၊ ကျမတို့က ဘယ်လောက်အတိုင်းအတာထိ ပါဝင်နေသလဲဆိုတာ ကျမတို့ ဒီကပြည်သူတွေအကျိုးဖြစ်နိုင်မယ့် အတိုင်းအတာထိ ပါဝင်မှာပါ၊ တတ်နိုင်သလောက် ကြိုးစားပြီးတော့ တိုင်းပြည်အတွက်အကျိုးဖြစ်တယ်။ ပြည်သူတွေအတွက်အကျိုးဖြစ်မယ့် ကိစ္စတွေမှာဆိုရင် ကျမတို့က အင်တိုက်အားတိုက်ပါဝင်ပြီး လုပ်ဆောင်မှာဖြစ်ပါတယ်၊

## လွှတ်တော်နှစ်ရပ်ကြား ပုဂ္ဂလိကကျောင်း ဥပဒေ သဘောကွဲလွဲ

**BBC ၊ အောက်တိုဘာ ၅ ။** ။ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် နှစ်ရပ်ကြားမှာ ပုဂ္ဂလိကကျောင်း ဆိုင်ရာ ဥပဒေမူကြမ်းနဲ့ ပတ်သက်လို့ သဘောထား ကွဲလွဲကြတဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးကြရတော့မှာ ဖြစ်ပါတယ်။

ဒါဟာ အစိုးရသစ် တက်လာပြီးတဲ့နောက် ပထမဆုံးအကြိမ် လွှတ်တော်နှစ်ရပ်ကြားမှာ သဘောထားကွဲလွဲမှုကို စတင် တွေ့မြင်ရတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့တဲ့ ပုဂ္ဂလိကကျောင်း ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်က အချက် ၅ ချက်ကို ပြင်ဆင်လိုက်တာ ဖြစ်ပါတယ်။

ပြင်ဆင်ပြီးသားထဲက ၄ ချက်ကို အမျိုးသားလွှတ်တော်က သဘောမတူတဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးပြီးမှ အတည်ပြုကြဖို့ ဖြစ်လာတာလို့ အမျိုးသားလွှတ်တော်အမတ် ဦးဖုန်းမြင့်အောင်က ပြောပါတယ်။

ကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့်နဲ့ စစ်ဆေးခွင့်တို့ကို လူမှုရေးဝန်ကြီးကနေတဆင့် လုပ်ဆောင်ဖို့ ပြည်သူ့လွှတ်တော်ရဲ့ တင်ပြချက်ကို အမျိုးသားလွှတ်တော်က လက်မခံပါဘူး။ အဲဒီ တည်ထောင်ခွင့်နဲ့ စစ်ဆေးခွင့် စတာတွေကို အမျိုးသားလွှတ်တော် ဥပဒေမူကြမ်း ကော်မတီက တိုင်းနဲ့ပြည်နယ် ပညာရေးမှူးတွေကနေတဆင့် ဆောင်ရွက်ဖို့ တင်ပြချက်ကိုလည်း ပြည်သူ့လွှတ်တော်က လက်မခံပါဘူး။ တခါ ပြည်သူ့လွှတ်တော်က ကိုယ်ပိုင်ကျောင်းတွေမှာ မူလတန်းအဆင့်ကို ဖြုတ်စေလိုပေမယ့် အမျိုးသားလွှတ်တော်က ထည့်သွင်းလိုတဲ့အတွက် ဒီနေရာမှာလည်း ကွဲလွဲနေပြန်ပါတယ်။ မူလတန်းကျောင်းတွေမှာ လွတ်လွတ်လပ်လပ် ဝတ်စားဆင်ယင်ခွင့်ပြုဖို့ အမျိုးသားလွှတ်တော်က လိုလားပေမယ့် ပြည်သူ့လွှတ်တော်က မူလတန်းအဆင့်ကို လက်မခံတဲ့အတွက် ဒီအချက်ကို ထည့်သွင်းစဉ်းစား မထားပါဘူး။

# မြစ်ဆုံရေကာတာစီမံကိန်း ဆိုင်းငံ့မယ့် အစီအစဉ်ကို ဥရောပသမဂ္ဂမှ ကြိုဆို

**VOA । အောက်တိုဘာ ၃ ။** ။ မြစ်ဆုံရေကာတာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ရပ်ဆိုင်းထားဖို့ မြန်မာအစိုးရက ဆုံးဖြတ်လိုက်တာကို ဥရောပသမဂ္ဂ EU က ဝမ်းသာအားရ ကြိုဆိုလိုက်ပါတယ်။ ဒီစီမံကိန်း ရပ်ဆိုင်းလိုက်တဲ့အပေါ် တရုတ်အစိုးရဘက်ကရော ဘယ်လို တုံ့ပြန်လိုက်ပါသလဲ။ ဥရောပသမဂ္ဂကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ပေါ်လစီကို ပြန်သုံးသပ်ရာမှာ ဒီကောင်းမွန်တဲ့ ဆုံးဖြတ်ချက်ဟာအရေးပါမှာဖြစ်ပေမဲ့ တခြားအချက်တွေကိုလည်း ထည့်သွင်းစဉ်းစားသွားရလိမ့်မယ်လို့ ဆိုပါတယ်။ အပြည့်စုံကို ကိုဝင်းမင်းက တင်ပြ ထားပါတယ်။

မြန်မာနိုင်ငံသား အများအပြားက ရပ်ဆိုင်းပေးဖို့ တောင်းဆိုခဲ့တဲ့ မြစ်ဆုံရေကာတာကိစ္စကို သမ္မတသစ်ဦးသိန်းစိန်က သူ့ရဲ့သမ္မတ ၆ လတာ ကာလအတွင်း အခုလို လိုက်လျောဆုံးဖြတ်လိုက်တဲ့အပေါ်ပြည်တွင်းပြည်ပက လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြရာမှာ ဥရောပသမဂ္ဂလည်း ပါလာပါပြီ။ သောကြာနေ့က ကြေညာချက်ထုတ်ပြန်ကြိုဆိုခဲ့တဲ့ ဥရောပသမဂ္ဂရဲ့ နိုင်ငံခြားရေးနဲ့ လုံခြုံရေးမူဝါဒဆိုင်ရာအကြီးအကဲ Catherine Ashton ရဲ့ ရုံးက ပြောရေးဆိုခွင့်ရှိသူ Maja Kocijancic က -

"ဒီစီမံကိန်းကြီးကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ စီးပွားရေးဆိုင်ရာစိုးရိမ်မှုတွေအပေါ် မြန်မာအစိုးရဘက်က ဖြေရှင်းပေးဖို့ အဆင်သင့်ဖြစ်လာတဲ့အပေါ် ကျမတို့ကြိုဆိုပါတယ်။ ဒီအကြောင်း အရာနဲ့ပတ်သက်ပြီး တနိုင်ငံလုံးအတိုင်းအတာဆောင်ကာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တဲ့ ဆွေးနွေးပွဲကြီးတခုကိုလည်းအားလုံးက တလေးတစားဖြစ်အောင်လုပ်ပြီး မတူတဲ့အမြင်တွေကို နားထောင်ချင်တဲ့ဆန္ဒတွေ ရှိတာကိုလည်း ကြိုဆိုပါတယ်။"

တရုတ်နဲ့စာချုပ်ကို ပယ်ဖျက်ပြီး မြန်မာပြည်သူလူထု အများစုရဲ့ အကျိုးစီးပွားအပေါ် ဦးစားပေး ဆုံးဖြတ်လိုက်တဲ့ ဒီဆုံးဖြတ်ချက်ကြောင့် ဥရောသမဂ္ဂရဲ့မြန်မာပြည်အပေါ် ပေါ်လစီကိုစဉ်းစားရာမှာ အကျိုးသက်မှု ဘယ်လိုရှိနိုင်လဲလို့ မေးရာမှာ ပြောခွင့်ရအမျိုးသမီးကပဲ -

"ဥရောပသမဂ္ဂ နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံအပေါ် ပေါ်လစီကို ပြန်လည်သုံးသပ်တာမှာ ဒီအချက်ကလည်း အရေးပါလာမှာပါ။ ဒါပေမဲ့ တခြားအချက်တွေအပေါ်မှာလည်း ထည့်သွင်းစဉ်းစားသွားရဦးမှာပါ။"

ဒီ အခြားအချက်တွေထဲမှာ ဘာတွေပါနိုင်သလဲ ဆိုတဲ့အမေးကိုတော့ ပြောခွင့်ရသူ Kocijancic က ပြည်သူအများစုရဲ့ စီးပွားရေးလုပ်ငန်းတွေကောင်းလာအောင် ကြိုးပမ်းလုပ်ဆောင်ပေးတာတွေအပြင် သူတို့အနေနဲ့ ဆက်တိုက် အရေးတကြီး တောင်းဆိုခဲ့ပြီးသားအချက်တွေပဲ ပါတာပါလို့ ပြောပါတယ်။

"ကျမတို့အနေနဲ့ အတိုက်အခံတွေ အားလုံးပါဝင်တဲ့ ဆွေးနွေးပွဲကြီးတခုဖြစ်လာဖို့ကို တောင်းဆိုလာခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်တွေထဲမှာလည်း နိုင်ငံရေးပြစ်မှုနဲ့ ထိန်းသိမ်းခံထားရသူတွေကို ပြန်လွှတ်ပေးဖို့ ဆက်တိုက် တောင်းဆိုထားပါတယ်။"

အခုလိုဥရောပသမဂ္ဂကကြိုဆိုလိုက်ချိန်မှာတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ ဟုန်လီကတော့ မြန်မာအစိုးရအနေနဲ့ မြစ်ဆုံဆောက်လုပ်ရေး စာချုပ်ချုပ်ထားတဲ့ တရုတ်ကုမ္ပဏီရဲ့ အခွင့် အရေးကို အကာအကွယ်ပေးရမယ်လို့ စနေနေ့က သတိပေး လိုက်ပါတယ်။အခုလို အမေရိကန်ဒေါ်လာ သန်းပေါင်း ၃ ထောင်ကျော်ဖိုး စာချုပ် ချုပ်ခဲ့တဲ့ CPI လို့ အတိုခေါက်ခေါ်တဲ့ တရုတ်ဆောက်လုပ်ရေး ကုမ္ပဏီကိုအကာအကွယ်ပေးရေးဆိုတာ ဘာကိုဆိုလိုပါသလဲဆိုတာ သိရဖို့တရုတ်နိုင်ငံ ပေါ်လစီသုံးသပ်သူ ဒေါက်တာလှကျော်ဇောကို မေးမြန်းကြည့်ခဲ့ပါတယ်။ ဒေါက်တာလှကျော်ဇော က -

"သူတို့က ဒီလိုစီမံကိန်းကြီးတွေ လုပ်တဲ့အခါမှာ သူတို့ နားလည်မှုစာချွန်လွှာတွေ၊ စာချုပ်တွေကို နိုင်ငံတကာအဆင့်နဲ့အမှီ သူတို့ ချုပ်ဆိုထားတာဖြစ်တယ်။ ဥပမာအားဖြင့် ကတိကဝတ်ပျက်တဲ့သူက ဘယ်လိုလျော်ရမယ်တို့ဆိုတာမျိုးပေါ့။ အဲဒါတွေကို အပြန်အလှန်ထိန်းညှိဖို့ ပြောဆိုတာဖြစ်မယ်ထင်တယ်။"

အခုလိုဖြစ်တာက တရုတ်အနေနဲ့ တခြားနိုင်ငံတွေမှာ အတွေ့အကြုံရှိထားပြီးသားဖြစ်တယ်လို့လည်း ဒေါက်တာ လှကျော်ဇောကပဲပြောပါတယ်။

"ဒါ သူတို့ကတော့ ပြောရိုးပြောစဉ်ပေါ့။ ဥပမာ လစ်ဗျားကိစ္စမှာလည်း ဒီလိုပဲ သူပြောနေတာပဲ။ နောက်တက်လာတဲ့ အစိုးရအနေနဲ့ပထမအစိုးရနဲ့ သဘောတူထားတဲ့ စာချုပ်တွေကို အသိအမှတ်ပြုပါ။ သူတို့ရဲ့နစ်နာကြေးတွေကို လျော်ကြေးပေးပါဆိုပြီး ဒီလိုပဲပြောနေတာပဲ။"

တရုတ်နိုင်ငံက သူ့နိုင်ငံထဲမှာ အခုလိုပြဿနာမျိုးဖြစ်လာရင်ဖြေရှင်းတတ်ပုံကို ဒေါက်တာလှကျော်ဇောက အခုလိုဆက်ပြောပါတယ်။

"သူ့နိုင်ငံမှာလုပ်လေ့လုပ်ထရှိတာကတော့ အဲလိုပြဿနာပေါ်လာရင် သူက လျော်ကြေးပေးတာသော်လည်းကောင်း လူတွေ စိတ်ခံစားမှုပြင်းထန်နေရင် နောက်ရွှေ့လိုက်ပြီးတော့ လူထုကျေနပ်လာအောင်ရှင်းပြတာတို့ပေါ့ဗျာ။ ပြီးတော့ နစ်နာတဲ့သူတွေကိုလည်းနစ်နာကြေး လုံလုံလောက်လောက်ပေးတာတို့ ကျေနပ်အောင်လုပ်ပေးတာတို့၊ တိုင်းပြည်အကျိုးစီးပွား အမျိုးသားအကျိုးစီးပွားဘက်က ဆွေးနွေးပြီးတော့ တင်ပြတာတို့ဘာတို့လုပ်ပြီးပြေလည်အောင်လုပ်သွားတာပဲ။"

ဒေါက်တာလှကျော်ဇော်ကပဲ မြန်မာနိုင်ငံမှာတော့ ဦးသိန်းစိန်က အခုလိုဆုံးဖြတ်လိုက်တာဟာ သူမဖြေရှင်းပေးနိုင်တဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကိစ္စလိုကိစ္စမျိုး အများကြီးရှိနေတာမို့ အခုလို သူ့အပေါ်အကျိုးသက်ရောက်မှုနည်းမယ့် မြစ်ဆုံကိစ္စမျိုးကို လိုက်လျောဆုံးဖြတ်လိုက်တာဖြစ်နိုင်တယ်လို့လည်း ပြောပါတယ်။

## မိုးပြဲရေကာတာ ရေလွှတ်မှုကြောင့် ကျေးရွာတွေ ရေလွှမ်းမိုး

**BBC । အောက်တိုဘာ ၄ ။** ။ မိုးပြဲရေကာတာကနေ ၁၅ မိနစ်တခါရေထုတ်လွှတ်မှုကြောင့် ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့အနီးကျေးရွာတွေမှာ ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ပါတယ်။

ကျေးရွာ ၃ ရွာမှာရှိတဲ့ အိမ်ခြေ ၅၀၀ ကျော် ရေလွှမ်းခံခဲ့ရပြီး စပါးစိုက်ခင်းဧက ၅၀၀ ကျော်လည်း ပျက်စီးခဲ့တယ်လို့ ကရင်နီဖွံ့ဖြိုး ရေးသုတေသနအဖွဲ့က သတင်းထုတ်ပြန်ပါတယ်။ ကျေးရွာတွေကိုရေဖုံးလွှမ်းခံနေရတာဟာ တလကျော်သွားပါပြီ။ တချို့တထပ်အိမ်တွေဟာ အိမ်ခေါင်မိုးအထိ ရေနစ်မြုပ်ခံနေရတယ်လို့လည်း ဆိုပါတယ်။

ရွာသားတွေထဲက တချို့ဟာ ဆွေးမျိုးနီးချင်းတွေရဲ့ အိမ်၊ ခရစ်ယန်ဘုရားရှစ်ခိုးကျောင်းနဲ့ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွေမှာ တည်းခိုနေကြရပြီး တချို့က ရေလွတ်ရာနေရာမှာ တဲထိုးနေကြသလိုတချို့နှစ်ထပ်အိမ်ရှိသူတွေကလည်း အိမ်ထဲမှာဘဲ ပေကပ်ခိုအောင်းနေကြတယ်လို့ ဆိုပါတယ်။

**စာမျက်နှာ ၈ သို့**

# အာဏာသိမ်းမှု ဖြစ်လာနိုင်

RFA အသံလွှင့်ဆောင်းပါး

ပြီးခဲ့တဲ့ သတင်းပတ်အတွင်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရကိုယ်စားလှယ် ဦးအောင်ကြည်တို့ တွေ့ဆုံဆွေးနွေးမှုတွေကြောင့် မကြာမီအချိန်အတွင်း နိုင်ငံရေးအကျဉ်းသား ပထမအသုတ် လွှတ်ပေးဖို့ မျှော်လင့်ချက်တွေ ပိုပြီးတော့ တိုးပွားလာတယ်လို့ သိရပါတယ်။ ဒီအကြောင်း ဓါရင့်သတင်းစာဆရာ Larry Jagan က ဒီတပတ် RFA ကိုပေးပို့တဲ့ သတင်းဆောင်းပါးမှာ သုံးသပ် တင်ပြထားပါတယ်။

သမတဦးသိန်းစိန်ဟာ သူ့ရှေ့အဆက်ဆက်က ခေါင်းဆောင်တွေနဲ့မတူ တမူထူးခြားတယ်ဆိုတာ နိုင်ငံတကာ လူမှုအသိုင်းအဝိုင်းက ယုံကြည်လက်ခံ လာချင်တယ်ဆိုရင် အခုကျင်းပနေတဲ့ ပါလီမန်အဆုံး မသတ်မီ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးရေးဟာ ပိုပြီးတော့ အရေးကြီးပါတယ်။

မြန်မာ့နိုင်ငံရေးကတော့ ကြောင်နဲ့ကြွက် အခြေအနေမျိုး အမြဲတမ်းဖြစ်ခဲ့ပါတယ်။ လက်ရှိအာဏာရသူတွေထဲမှာ အပြောင်းအလဲလုပ်ချင်သူတွေဟာ အမြဲတမ်း သတိကြီးကြီးထားပြီးတော့ လုပ်နေကြရတာတွေ့ရပါတယ်။ အခုရှိနေတဲ့ နိုင်ငံရေးစနစ်အောက်မှာလည်း ဘယ်ဟာမှ ပြောင်းလဲခြင်း မရှိပါဘူး။

ဒါပေမယ့် သမတဦးသိန်းစိန် အစိုးရသစ်အနေနဲ့ သရုပ်မှန်ကိုတော့ ပြရမှာဖြစ်ပါတယ်။ အမှန်တကယ် အပြည့်အဝ အပြောင်းအလဲ လက်တွေ့လုပ်ပြတာတွေမရှိဘဲ ပါးစပ်ကပြုပြင်ပြောင်းလဲရေးတွေလုပ်နေပါတယ် ဆိုပြီးတော့ လေသံပြစ်နေရုံနဲ့ ဘာမှ အကျိုးရှိမှာ မဟုတ်ပါဘူး။ အခိုင်အမာ လက်တွေ့လည်းဘဲ ပြနိုင်ရပါမယ်။

ဘယ်အစိုးရမဆို ဦးစားပေးမှုမျိုးကတော့ အမြဲလိုလို ခြားနားမှုတော့ ရှိစမြဲပါ။ နိုင်ငံတကာက ဖိအားပေးတိုင်းလဲဘဲ ဦးညွှတ်လေးစားပြီး လုပ်ရတယ် ဆိုတာမျိုးကိုတော့ အထင်မခံနိုင်ကြပါဘူး။ ဒါပေမယ့် အခုကိစ္စမှာ ပါလီမန်ကနေပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ ပြောနေကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ကဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးအောင်ကြည်တို့ နှစ်ဦး တွေ့ဆုံတဲ့အချိန်ကလဲဘဲ ဒီကိစ္စကိုဘဲ ဆွေးနွေးခဲ့ကြပါတယ်။ လူ့ရှင်တော် ဇာဂနာအပါဝင် နိုင်ငံရေးအကျဉ်းသားတွေရာနဲ့ချီပြီးတော့ လွှတ်ဖို့ကို အမှန်တကယ်တော့ မူအားဖြင့် ဆုံးဖြတ်ချက်ချပြီးဖြစ်တယ်လို့ နေပြည်တော် အစိုးရထိပ်ပိုင်းသတင်းရပ် ကွက်အရသိရပါတယ်။

လွှတ်တဲ့အခါမှာလည်း တကြိမ်ကို အရောက် ၁၀၀ ကျော် သုံးသုတ်ခွဲပြီးတော့ လွှတ်မယ်လို့ မိမိကို ပြောခဲ့တယ်ဆိုတဲ့အကြောင်း ဆောင်းပါးရှင်က ဆိုပါတယ်။ အဲဒီတော့ ဘာကြောင့် အချိန်ဆွဲနေတာလဲ လို့လဲဘဲ မေးလိုက်ပါတယ်။

တချက်ကတော့ သမတဦးသိန်းစိန်အစိုးရအပေါ်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩဇာလွှမ်းမိုးဆဲဘဲဆိုတဲ့အချက်ဘဲ ဖြစ်ပါတယ်။ မနှစ်က နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးကိစ္စနဲ့ ဗိုလ်ချုပ်ခင်ညွှန့်ရဲ့ ထောက်လှမ်းရေးသမားတွေ ပြန်လွှတ်ပေးရေးကိစ္စမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ခါးခါးသီးသီးငြင်းဆို ကန့်ကွက်ခဲ့ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးလိုက်လို့ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာစေနိုင်တယ်ဆိုတာကို သဘောထားတင်းမာတဲ့ အုပ်စုရဲ့ အယူအဆဖြစ်ပါတယ်။ သူတို့ အစိုးရိမ်ဆုံးကတော့ ၈၈ မျိုးဆက်ကျောင်းသားတွေ ပြန်လွှတ်ပေးလိုက်တယ်ဆိုရင် အစိုးရဆန့်ကျင်ရေးလုပ်ငန်းတွေ ပြန်ပြီးတော့ အသက်ဝင်လာနိုင်မယ် ဆိုတဲ့အယူအဆ ဖြစ်တယ်လို့ ဆောင်းပါးရှင်က ဆိုပါတယ်။

လာမယ့် နိုဝင်ဘာလမှာ ကြားဖြတ်ရွေးကောက်ပွဲတွေ ပြုလုပ်ဖို့ များပါတယ်။ သမတဦးသိန်းစိန်က NLD ကိုပါ အဲဒီ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်စေချင်တယ်၊ဒေါ်အောင်ဆန်းစုကြည်ကိုပါပါဝင်အရွေးခံစေချင်တဲ့ဆန္ဒရှိတယ်လို့ နေပြည်တော်သတင်းရပ်ကွက်အရသိရပါတယ်။

ဒီလိုမျိုး ယှဉ်ပြိုင်မယ်ဆိုလို့ရှိရင် ရွေးကောက်ပွဲဥပဒေပြောင်း လဲပေးမှ ဖြစ်နိုင်စရာရှိမယ်လို့ ပါတီအကြီးတန်းအရာရှိတွေရဲ့ အဆိုအရသိရပါတယ်။ ဒါပေမယ့် အမာခံ စစ်ခေါင်းဆောင်တွေကတော့အဲဒီ ဥပဒေတွေကို ဘယ်လိုနည်းနဲ့မှ ပြောင်းလဲပေးမယ့်သဘော ရှိမှာမဟုတ်ဘူး လို့ ဆိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းကတော့ ရွေးကောက်ပွဲဥပဒေတွေ ပြောင်းလဲပေးဖို့ အသင့်ရှိနေပုံရပါတယ်။ ဒါပေမယ့် ကြံ့ခိုင်ရေးပါတီဝင် တခြားခေါင်းဆောင်တွေကတော့ အဲဒါကို လက်ခံကြမှာ မဟုတ်ပါဘူး။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ လူယုံတော် ဦးအောင်သောင်းကလည်း နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးရေးကိစ္စအပါအဝင် နိုင်ငံရေး အပြောင်းအလဲ မပေါ်ပေါက်လာနိုင်အောင် စည်းရုံးမှုတွေလုပ်ဆောင်နေပါတယ်။

မြန်မာ့နိုင်ငံရေးမှာ ဦးသန်းရွှေ ပြန်ပြီး ကြိုးကိုင်လာမယ့် အခြေအနေ ရှိ မရှိ ချိန်ထိုးကြည့်မယ်ဆိုလို့ရှိရင် သမတဦးသိန်းစိန်ကိုထောက်ခံတဲ့ အလယ်အလတ်သမား ဝန်ကြီးအဖွဲ့ဝင်တွေဘက်က ပိုပြီးတော့ အလေးသာနေတယ်လို့ ဆောင်းပါးရှင်က ရေးလိုက်ပါတယ်။

ဦးသန်းရွှေနဲ့ အမာခံ စစ်ခေါင်းဆောင်တွေ အခြေအနေ သိပ်မဟန်တော့ဘူးလို့ ယူဆလာမယ်ဆိုရင် လာမယ့် လပိုင်း အတွင်းမှာဘဲ အာဏာသိမ်းယူကောင်း သိမ်းယူဖို့ကြိုးပမ်းလာနိုင်ပါတယ်။ ဒါက တော့ ၂၀၀၈ အခြေခံဥပဒေထဲမှာလဲဘဲ အတိအလင်း ရေးထားပြီးသားမို့ ဘဝင်မကျစရာဖြစ်ကြောင်း ဆောင်းပါးရှင် Larry Jagan က ရေးသားဖော်ပြထားပါတယ်။

---

**စာမျက်နှာ ၇ မှ**

World Vision, Care Myanmar နဲ့ တချို့ ဘာသာရေးအဖွဲ့အစည်းအနည်းငယ်ကသာ လာရောက်အကူအညီပေးကြတယ်လို့လည်း ဆိုပါတယ်။ အခုလိုအခြေအနေတွေကြောင့် သံလွင်မြစ်၊ ပွန်ချောင်း၊ သဘာက်ချောင်းတွေပေါ်မှာ တရုတ်နဲ့ ပူးပေါင်းပြီး နောက်ထပ် ဆောက်လုပ်ဖို့ ပြင်ဆင်နေတဲ့ ရေကာတာတွေကို မဆောက်လုပ်ဖို့ ကရင်နီဖွံ့ဖြိုးရေး သုတေသနအဖွဲ့က တောင်းဆိုလိုက်ပါတယ်။




**အောက်တိုဘာ ၅ ၊** Mizzima ။ ။ မြစ်ဆုံဆည် တည်ဆောက်ခြင်း မြန်မာဖက်မှ ရပ်စဲရန်ဆုံးဖြတ်ခဲ့၍ တရုတ်ကုမ္ပဏီ CPI မှတုန့်ပြန်ချက်အပေါ် Burma Rivers Network -Mizzima မှ မေးမြန်းချက်အပေါ်ဖြေကြား၏။

**စက်တင်ဘာ ၃၀ ၊** Mizzima ။ ။ မြစ်ဆုံဆည်ဆောက်ခြင်းအပေါ် တာဝန်ရှိ တရုတ်များအား တရားစွဲမည်ဟု ကချင်ပြည်နယ်အမတ် ပေါက်ဂျာ (NDF) မှ ဆို၏။

**အောက်တိုဘာ ၁ ၊** AP ။ ။ ဆည်ဆောက်လုပ်ရေး ရပ်တန့်ခဲ့မှုနှင့်ပတ်သက်၍ တရုတ်သည် မြန်မာနှင့် ဆွေးနွေးလိုကြောင်း ဖြင့်ဆို၏။

**အောက်တိုဘာ ၁ ၊** ZEE News ။ ။ မြန်မာအပေါ် နှစ်ဖက်စောင့်ကြည့်သောမူကို ဆက်သုံးမည်ဟု အမေရိကန်မှဆို၏။

**အောက်တိုဘာ ၃ ၊** Chinese media ။ ။ မြစ်ဆုံဆည် ဆောက်ခြင်း မြန်မာဖက်မှ ရပ်စဲရန်ဆုံးဖြတ်ခဲ့၍ တရုပ်ကုမ္ပဏီ CPI မှတုန့်ပြန်၏။

**အောက်တိုဘာ ၃ ၊** China Daily ။ ။ နှစ်ဖက်အကျိုးရှိသည့် မြစ်ဆုံဆည်စီမံကိန်းဟု တရုတ် စီပီအိုင် ကုမ္ပဏီ ဥက္ကဌ မှဆို၏။

**အောက်တိုဘာ ၃ ၊** Guardian, DN ။ ။ မြန်မာအစိုးရအဖွဲ့များထဲတွင် ပြုပြင်ပြောင်းလဲရေးအုပ်စုသည် အသာရနေသည်ဟု မြစ်ဆုံဆည်ရပ်တန့်ခြင်းမှ သက်သေတခုအဖြစ် ယူနိုင်ကြောင်း အယ်ဒီတာအာဘော်မှဆို၏။

**အောက်တိုဘာ ၃ ၊** Irrawaddy ။ မြန်မာတွင် ငွေလဲဘဏ်များ တရားဝင်စတင်ဖွင့်ခဲ့သော်လည်း မှောင်ခိုဈေးသာ လက်သာကြောင်း။

**အောက်တိုဘာ ၃ ၊** JOHANNESBURG, S.A ။ ။ လက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းစစ်များသည် မြန်မာသည် ဒီမိုကရေစီရလျှင်လည်း ထိန်းသိမ်းရန် မည်မျှကြိုးပမ်းရမည်ကိုပြကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဤမြို့ သူမအား ဘွဲ့အပ်နှင်းအခမ်းအနားသို့ ဗွီဒီယိုဖြင့် တိုက်ရိုက်ဆက်သွယ် သဝဏ်တွင်ဆို၏။

**အောက်တိုဘာ ၃ ၊** Mizzima ။ ။ငြိမ်းချမ်းရေးကော်မတီတွင် သမိုင်းဆရာများပါရန် Brotherhood Forum အမတ်အဖွဲ့ မှ တောင်းဆို၏။

**အောက်တိုဘာ ၃ ၊** Bloomberg ။ ။ သံလွင်မြစ်တွင် ဆည်ဆောက်ရန် ထိုင်း၊ မြန်မာတို့နှင့် ယမန်နှစ်က ဆွေးနွေးခဲ့သော တရုတ်ပြည်သည် မြန်မာဖက်မှ မြစ်ဆုံဆည်ဆောက်ခြင်း ရပ်တန့်မှုအပေါ် အံ့ဩကြောင်း ဆင်ဝှာသတင်းမှဆို၏။

**အောက်တိုဘာ ၃ ၊** Nation ။ ။ မြန်မာသည် အနုမြူလျူကလီးယားလက်နက် သက်ဆိုးမရှည်ရေး စာချုပ်များတွင် ပါဝင်လက်မှတ်ထိုးသင့်ကြောင်း အကြံဉာဏ်ပေးခန်းတွင် Robert Kelly အမည်ဖြင့် အကြံပြု၏။

**အောက်တိုဘာ ၃ ၊** Nation BKK ။ ။ ထိုင်းဝန်ကြီးချုပ် သဖက်ခါ မြန်မာတွင်ဆွေးနွေးစဉ် ထိုင်းသည် မြန်မာမှ သဘာဝဓါတ်ငွေ့ပိုရရေး ထည့်သွင်းရန် ပြောခိုင်းမည်ဟုဆို၏။

**အောက်တိုဘာ ၄ ၊** Asia Times ။ ။ တရုတ်မှ မြန်မာတွင် လှုထုဆန့်ကျင်သည့် မြစ်ဆုံဆည် စီမံကိန်းကြီး ပိတ်လိုက်ခြင်းဖြင့် မြန်မာသည် အချိန် ဝယ်လိုက်ရာ ရောက်ကြောင်း Simon Roughneen မှ ဝေဖန်၏။

**အောက်တိုဘာ ၄ ၊** Brisbane Times ။ ။ မြန်မာအုပ်ချုပ်သူများအား အပြောဖြင့်မဟုတ် အလုပ်ဖြင့် ကမ္ဘာမှ ဆုံးဖြတ်ရန် Lindsay Murdoch မှ သတိပေးဝေဖန်၏။

**အောက်တိုဘာ ၄ ၊** DVB ။ ။ KNLA ကရင်ပြည်နယ်လွတ်မြောက်ရေးတပ်သည် မြန်မာအစိုးရသည် လက်နက်ကိုင်အဖွဲ့များနှင့် တဖွဲ့ခြင်းဆွေးနွေးမှု မပြုတော့မှသာ ဆွေးနွေးမည်ဟုဆို၏။

**အောက်တိုဘာ ၄ ၊** DY, JPN ။ ။ မြန်မာ၏ နိုင်ငံရေး၊ စီးပွားရေး နယ်ပယ် စသည်တို့တွင် ပြောင်းလဲမှုများကို ကမ္ဘာမှ ထောက်ခံသင့်ကြောင်း သတင်းစာအာဘော်မှ သုံးသပ်၏။

**အောက်တိုဘာ ၄ ၊** Mizzima ။ ။ UNFC မပါသော မွန်ငြိမ်းချမ်းရေးဆွေးနွေးမှုကို လက်မခံဟု ပြည်ပရောက်လှုပ်ရှားသူ မွန်များအဖွဲ့ OMCC မှဆို၏။

**အောက်တိုဘာ ၄ ၊** Inspire Mag. ။ ။ ထိုင်းရှိ မြန်မာဒုက္ခသည် ၃၅၀၀၀၀ ဦးခန့်အား ကူညီစောင်မနေသော ယူကေမှဦးစီးသည့် Thai children's Trust အား ထောက်ခံကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ စာကို West Minster Abbey တွင် ရဟန်းတော်မှ ဖတ်ပြ၏။

**အောက်တိုဘာ ၄ ၊** Irrawaddy ။ ။ NMSP မွန်ပါတီသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဖွဲ့ ဖွဲ့ပြီးကြောင်း။

**အောက်တိုဘာ ၄ ၊** Mail & Guardian ။ တောင်အာဖရိက အစိုးရသည် ဘုန်းတော်ကြီး Desmond Tutu လောက် လူ့အခွင့်အရေးတွင် မခိုင်မာဟု မိမိ ရုံဖန်ရုံခါ ထင်ကြောင်း ဒေါ်အောင်ဆန်းစုကြည် မှဆို၏။

**အောက်တိုဘာ ၄ ၊** Monsters and Critics ။ ။ ၂၀၁၂ နှစ် နိုင်ငံခြားသို့ တင်ပို့မည့် ဆန်တန်ချိန်ကို ယခုနှစ် တန် ၅၇၀၀၀၀ ၏ နှစ်ဆသို့ တိုးရန် မြန်မာမှ မှန်းထား၏။

**အောက်တိုဘာ ၄ ၊** NYT ။ ။ မြန်မာတွင် ပြောင်းလဲနေသော အခြေအနေများအား အမေရိကန်သည် အခွင့်ကောင်းယူသင့်ကြောင်း သန့်မြင့်ဦးမှ အကြံပေးသုံးသပ်၏

**အောက်တိုဘာ ၄ ၊** Rtrs ။ ။ မြစ်ဆုံဆည် ဖျက်သိမ်းခဲ့သော်လည်း သဘာဝဓါတ်ငွေ့ပိုက်လိုင်းသည်ဆက်လက်ဆောက်လုပ်နေကြောင်း တရုတ်မှ CNPC မှဆို၏။

**အောက်တိုဘာ ၄ ၊** S.H.A.N ။ ။ မိုးမြဲရေကာတာမှ ရေကြီးစဉ် လွှတ်သောရေအရှိန်ကြောင့် မြို့တော်လျှိုင်ကော်အပါအဝင် ကရင်နီပြည်နယ်သည် မိမိတို့ပြည်နယ်တွင်း တရုတ်၏ ရေကာတာစီမံကိန်းများ ရပ်တန့်ရန် တောင်းဆို၏။

**အောက်တိုဘာ ၄ ၊** UPI ။ ။ မြန်မာ၏ ပြုပြင်ပြောင်းလဲမှုလေးများသည် သေးငယ်နုနယ်သေး၍ အခြေအနေအစဉ်အဆက်အား ကမ္ဘာမှ နီးကပ်စွာစောင့်ကြည့်ရန် ဒေါ်အောင်ဆန်းစုကြည်မှ တိုက်တွန်း၏။

**စာမျက်နှာ ၁၃ သို့**

# မြစ်ဆုံရေကာတာစီမံကိန်း နှစ်ဘက်သဘောတူညီမှု နိုင်ငံသိအောင်ချပြဖို့လို

**VOA । အောက်တိုဘာ ၅ ။** ။ သမ္မတအမိန့်နဲ့ ယာယီ ရပ်ဆိုင်းထားတဲ့ မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းဟာတရုတ်နဲ့မြန်မာအကြား နှစ်ဘက်စလုံးအကျိုးအမြတ်ရှိဖို့ အသေအချာတွက်ချက်လုပ်ကိုင်ခဲ့တဲ့ စီမံကိန်းဖြစ်တယ်လို့ တရုတ်ပိုင် CPI တရုတ်စွမ်းအင် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူက တရုတ်အစိုးရပိုင်သတင်းဌာနတွေကို ပြောသွားပါတယ်။

ဒီစီမံချက်ကို မြန်မာဘက်က တဘက်သတ် ရပ်ဆိုင်းလိုက်တဲ့အပေါ် သူတို့ဘက်က ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းသွားမယ်လို့လည်းပြောလိုက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ စောင့်ကြည့်နေတဲ့ မြန်မာ့အရေး လေ့လာသူတွေကတော့ မြန်မာအစိုးရဘက်ကလည်း တရုတ်နဲ့ သဘောတူညီခဲ့တာတွေကို အများသိအောင်ချပြပြီး လူထုဆန္ဒနဲ့အညီ ဆက်လက်ဆောင်ရွက်သွားသင့်တယ်လို့ တိုက်တွန်းကြပါတယ်။ ကိုသားညွှန့်ဦးက စုံစမ်းမေးမြန်းထားပါတယ်။

မြစ်ဆုံစီမံကိန်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တဲ့ CPI တရုတ်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ဥက္ကဋ္ဌ လူကျိဖောင်ကို တရုတ်အစိုးရပိုင် နေ့စဉ်သတင်းဌာနက မေးမြန်းထားရာမှာ မြစ်ဆုံစီမံကိန်းကို နှစ်ဘက်စလုံးက အသေအချာလေ့လာပြီး ငွေအတော်များများ ရင်းနှီးမြှုပ်နှံခဲ့တာကြောင့် အခုလို စီမံကိန်းကိုရပ်မယ်ဆိုရင်တော့ လျော်ကြေးငွေတွေ၊ ထိခိုက်နစ်နာမှုတွေ မြန်မာရော တရုတ်ရောနှစ်ဘက်လုံးမှာရှိလိမ့်မယ်လို့ ပြောသွားပါတယ်။ အခုလို စီမံကိန်းရပ်ဆိုင်းတယ်ဆိုတဲ့ နေရာမှာသတင်းတွေ က တဆင့်ကြားရတာဖြစ်ပြီး သူတို့ကို ကြိုတင်ပြောဆို တာမျိုးမရှိတာကြောင့် အလွန်တရာအံ့အားသင့်ရတယ်လို့ ပြောပါတယ်။ ဒါကြောင့် CPI ဘက်ကတော့ ဒီကိစ္စကို ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းမယ်လို့ ဆိုပါတယ်။

ဒါပေမယ့် နိုင်ငံတကာ ဥပဒေကျွမ်းကျင်သူတဦးကတော့ ဒီလို နှစ်နိုင်ငံကုန်သွယ်ရေး စီးပွားရေး သဘောတူညီချက်မျိုးတွေဟာနှစ်နိုင်ငံကြားမှာပဲ အကျုံးဝင်ပြီး နိုင်ငံတကာခုံရုံးသဘောမျိုးတော့မရှိဘူး ပြောပါတယ်။ ဒါကြောင့် ဒီပြဿနာကိုတော့ နှစ်နိုင်ငံအစိုးရ အကြား ညှိနှိုင်းဖြေရှင်းရမယ့် အနေအထားဖြစ်တယ်လို့ ယူဆပါတယ်။ ပိုပြီးအရေးကြီးတာက လက်မှတ်ထိုးခဲ့တဲ့ မူလသဘောတူညီချက်ပါ အချက်အလက်တွေ၊လုပ်ငန်းရပ်ဆိုင်းမယ်ဆိုရင် ဘယ်လိုကိုင်တွယ်မလဲဆိုတဲ့ အပိုဒ်တွေအပေါ်ဖြေရှင်းရမှာဖြစ်ပြီး ဒီသဘောတူညီချက်ပါအကြောင်းရပ်တွေကို မသိရတာကြောင့် မှတ်ချက်ပေးဖို့ ခက်တယ်လို့ ဗွီအိုအေကို ပြောပါတယ်။ အမေရိကန်အခြေစိုက် မြန်မာ့ဒီမိုကရေစီရေး ဆောင်ရွက်မှုအဖွဲ့ USCB က ဦးအောင်ဒင်ကလည်း အရင်တုန်းက ဘယ်လိုပုံစံ သဘောတူညီခဲ့ကြသလဲဆိုတာ မရှင်းဘူးလို့ ပြောပါတယ်။

တချိန်တည်းမှာပဲ ဒီ စီမံကိန်းကို သမတအမိန့်နဲ့ ရပ်ဆိုင်းလိုက်တာကြောင့် မြန်မာအစိုးရအဖွဲ့အတွင်း သဘောကွဲလွဲမှုရှိတယ်ဆိုပြီး ယူဆမှုတွေလည်းရှိကြပါတယ်။ မြန်မာစစ်ထောက်လှမ်းရေးဟောင်း ဦးအောင်လင်းထွဋ်ကတော့ ဒီ စီမံကိန်းစဖို့ ဆွေးနွေးကတည်းက စစ်အုပ်စုအတွင်းမှာ သဘောကွဲလွဲမှုတွေရှိပြီး၊ ဒီစီမံကိန်းဟာလည်း တရုတ်ဖက်က ဖိအားကြောင့် လုပ်ရတာလို့ ပြောပါတယ်။

"သူတို့ဘက်က ဒီ စီမံကိန်းအတွက် အရင်းအနှီးတွေ အများကြီး တရားဝင် လုပ်ငန်းအတွက် သုံးတာတွေရော တရားမဝင် လာဘ်ပေးတာတွေရောစသဖြင့် အများကြီးသုံးစွဲထားပြီးတော့ အကျိုးအမြတ်ကိုလည်း အများကြီးမျှော်လင့်ထားတာကိုး။ ဆိုတော့- ဒီအပေါ်မှာတော့ သူတို့ ဒေါသတကြီးတုံ့ပြန်ကြမှာ သေချာပါတယ်။ ကျနော်တို့ဘက် က မသိတာက နှစ်နိုင်ငံကြားမှာ လုပ်ငန်းအခြေအနေနဲ့ပတ်သက်လို့ ဘယ်လိုစာချုပ်တွေ ချုပ်ထားတယ်ဆိုတာ ကျနော်တို့က မသိကြရဘူး"

တချိန်တည်းမှာပဲ ဒီစီမံကိန်းကို သမ္မတ အမိန့်နဲ့ ရပ်ဆိုင်းလိုက်တာကြောင့် မြန်မာအစိုးရအတွင်းမှာ သဘောကွဲလွဲမှုရှိတယ်ဆိုပြီးတော့ ယူဆမှုတွေလည်း ထွက်လာပါတယ်။ မြန်မာစစ်ထောက်လှမ်း ရေးမှူးဟောင်းဦးအောင်လင်းထွဋ်ကတော့ စီမံကိန်းကို စဖို့ ဆွေးနွေးကတည်းက စစ်အုပ်စုအတွင်းမှာ သဘောကွဲလွဲမှုရှိပြီးတော့ ဒီစီမံကိန်းဟာလည်း တရုတ်ဘက်က ဖိအားကြောင့် လုပ်ရတာလို့ ပြောပါတယ်။

"ဗိုလ်ချုပ်သန်းရွှေ စလုပ်ကတည်းကကိုက မကျေနပ်ဘူးပေါ့လေ။ ဒါဖြစ်ရင် ဘေးဒုက္ခတွေ တော်တော်များများ ရောက်မယ်ဆိုတာ သိကြပါတယ်။ ဒါပေမဲ့ ကိုးကန့်အရေးအခင်းမှာ လက်မှတ်ထိုးပြီးတဲ့အခါမှာတော့ သူတို့ အဲဒါကို ခွင့်ပြုလိုက်ရတဲ့ အနေအထားမျိုးရှိတယ်။ ကိုးကန့်အရေးအခင်း ဖြစ်တဲ့အခါမှာ ပထမ ဗိုလ်ချုပ်ရွှေမန်းသွားတယ်။ ဒုတိယ ဗိုလ်ချုပ်မောင်အေးကို ခေါ်တဲ့အခါမှာ မြစ်ဆုံဆည်ကိစ္စနဲ့ gas ပိုက်လိုင်းကိစ္စဟာ မြန်မာအစိုးရက အင်တင်တင်လုပ်နေတဲ့ ကိစ္စကို bully လုပ်ပြီးတော့မှ တရုတ်ပြည်မှာ လက်မှတ်ထိုးဖို့အတွက်ကိုသူတို့ အကုန်လုံးက စီစဉ်ပြီးတော့မှ လုပ်လိုက်တဲ့အနေအထားမျိုးမှာ ရှိတယ်ခင်ဗျ"

ကိုးကန့်လက်နက်ကိုင်အဖွဲ့ကို မြန်မာဘက်ကစစ်ရေးအရနှိမ်နင်းခဲ့တုန်းက တရုတ်လူမျိုးတချို့သေဆုံးတာ၊ စီးပွားရေးနစ်နာမှုတွေ ရှိတာကြောင့် ဒီကိစ္စအပေါ်မှာ တရုတ်က အတော်လေးမကျေမနပ်ဖြစ်ခဲ့တယ်လို့သတင်းထွက်ခဲ့ပါတယ်။ အခု သမ္မတဦးသိန်းစိန်ရဲ့ မြစ်ဆုံစည် စီမံကိန်းရပ်ဆိုင်းဖို့ဆုံးဖြတ်ချက်ကို ကြည့်မယ်ဆိုရင်တော့ အစိုးရအဖွဲ့အတွင်းမှာ အများစုဟာ တရုတ်အပေါ်မှာ မှီခိုလိုစိတ်ရှော့လာတယ်လို့ ဦးအောင်ဒင်က ယူဆပါတယ်။

ဒါပေမဲ့လည်း မြန်မာနိုင်ငံအတွင်း တခြား တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ကြီးကြီးမားမား ရှိနေသေးတာကြောင့် ဒီပြဿနာကြောင့်နဲ့တော့ တရုတ်-မြန်မာ ဆက်ဆံရေး ဆိုးဆိုးဝါးဝါး ထိခိုက်နိုင်စရာ မရှိဘူးလို့ ဦးအောင်လင်းထွဋ်က သုံးသပ်ပါတယ်။

"နောင်တချိန်မှာ ဗမာအစိုးရက လူ့အခွင့်အရေးကိစ္စမျိုးနဲ့ ပဲဖြစ်ဖြစ်၊ ကျန်တဲ့ တခြားကိစ္စတွေနဲ့ပဲဖြစ်ဖြစ် တရုတ်ဟာ ဗမာပြည်ဘက်က ရပ်တည်ပေးဖို့ဆိုတာ တော်တော်လေးတင်းသွားမယ့်အနေအထားမျိုး ရှိပါတယ်။ သို့သော် တရုတ်ရဲ့ Investment ပေါ့လေ- အများအပြားက ဗမာပြည်ထဲမှာရှိနေတဲ့အခါကျတော့ တရုတ်အနေနဲ့ ဗမာအပေါ်မှာတော့ လက်လွှတ်စပယ် လုပ်မယ့်အနေအထားမျိုးတော့ မရှိနိုင်ဘူး"

အခြားတဖက်မှာ စိုးရိမ်တကြီးပြောလာတာကတော့ အခုလိုမြန်မာနိုင်ငံမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်နေချိန်အခုမြစ်ဆုံကိစ္စကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူတွေဘက်က မြန်မာပြည်မှာလုပ်ရင် အာမခံချက်မရှိဘူးလို့ ယူဆလာမလားဆိုတဲ့အချက်ပါ။ ဦးအောင်ဒင်

**စာမျက်နှာ ၁၄ သို့**



# သတင်းတိုထွာဖတ်စရာ

## တဆယ်တန်ကို တသောင်းပေးဝယ်

မန္တလေး မုံရွာ ရွှေဘိုစတဲ့ မြို့နယ်တွေမှာ ဗိုလ်ချုပ်ပုံပါ တဆယ်တန်ငွေစက္ကူတွေကို လိုက်ဝယ်နေတယ်လို့ဆိုပါတယ်။ ဒီပိုက်ဆံနဲ့ နိုင်ငံခြားဘဏ်တခုမှာ ဗိုလ်ချုပ်အပ်ထားတဲ့ ရွှေချောင်းတွေကို ထုတ်ယူလို့ရတယ်လို့ဆိုလို့ လိုက်ဝယ်နေတာလို့လည်း ပြောပါတယ်။ ဆယ်တန်တရွက်ကို တသောင်းပေးဝယ်နေတယ်လို့လည်း ဆိုပါတယ်။ ဒီငွေစက္ကူမှာ ဌာနတိုင်းမှာ လဲလှယ်ခွင့်ရှိကြောင်း စံလင်းဆိုသူ ဆိုင်းလက်မှတ်ရေးထိုးထားတဲ့ တဆယ်တန် ငွေစက္ကူများဖြစ်တယ်လို့ဆိုပါတယ်။ (VOB-October 3,2011)

## နေပြည်တော်မှ ဇိမ်မယ်များအဖမ်းခံရ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခရေအရာရှိ ဝန်ထမ်းအိမ်ရာကို ဒီလ ၂၃ ရက်နေ့ ညသန်းခေါင်အချိန်မှာ အမှတ် ၅ ရဲစခန်းမှရဲများနဲ့ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းသည့်စာရင်းဝင်စစ်ရာ ကြပ်ပြေးအရာရှိတဦးပိုင်ဆိုင်သည့် ဖိနပ်အရောင်းဆိုင်မှ အရောင်းဝန်ထမ်းမိန်ကလေး ဖ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ နောက်တနေ့မနက်မှာ ပျဉ်းမနားမြို့နယ် တရားရုံးသို့ ရုံးထုတ်ခဲ့ပြီး နေပြည်တော်အမိန့်နဲ့ အဲဒီ ဘွဲ့ရအရောင်းစာရေးမ ဖ ဦးကို ထောင် ၁၅ ရက်စီချလိုက်ပါတယ်။ (VOB-October 1,2011)

## ထိုင်းကလည်း လိုချင်နေ

သယံဇာအရင်းအမြစ်ပေါများလှတဲ့ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို ဈေးပေါပေါနဲ့ ဝယ်ယူရနိုင်တာမို့ တရုတ် အိန္ဒိယ တောင်ကိုရီးယားနိုင်ငံများနဲ့ အပြိုင် ထိုင်းအစိုးရကလည်း လိုချင်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ထိုင်းဝန်ကြီးချုပ် ဒေါ်ရင်လှ နေပြည်တော်ကို တရက်တာအလည်အပတ်သွားစဉ်မှာ ထိုင်းစွမ်းအင်ဝန်ကြီး Mr.Pichai Naripthaphan လည်း လိုက်ပါသွားပါတယ်။ (The Nation-October 3,2011)

## စာသင်ကျောင်းများ ဆောက်ပေးမည်

တရုတ်မြန်မာနယ်စပ် ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရာ ဒေသပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကလေးစာသင်ကျောင်းများဆောက်လုပ်ဖို့အတွက် The China National Petroleum Corporation ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၁.၃၂ သန်း လှူဒါန်းမယ်လို့ ဆိုပါတယ်။ စာသင်ကျောင်း ၈ ကျောင်းကို ဆောက်လုပ်ပေးမှာဖြစ်ပါတယ်။ ဒီကမ္ပဏီဟာ နာဂစ်ဒုက္ခသည်များ၊ နယ်စပ်လျှောင်ဒုက္ခသည်များကိုလည်း အလျှင်းသင့်သလို အကူအညီ အများအပြားထောက်ပံ့ပေးခဲ့တယ်လို့ဆိုပါတယ်။ ( Xinhua-October 3,2011)

## မြန်မာ ၆ ဦး အဖမ်းခံရ

မြန်မာ ၆ ဦးကို မူးယစ်ဆေးများနဲ့အတူ မလေးရှားရဲက ဖမ်းဆီးလိုက်ပါတယ်။ ကွာလာလမ်ပူးမြို့ Kepong အဆောက်အဦးကို မလေးရဲများက ရုတ်တရက် ဝင်ရောက် စီးနင်းရှာဖွေရာ မူးယစ်ဆေးအထုပ် ၇၆ ထုပ်နဲ့အတူ ဖမ်းမိတာဖြစ်ပါတယ်။ အဲဒီ အိမ်ယာအဆောက်အဦးကို ရဲက ဆက်လက်ရှာဖွေရာ နောက်ထပ် မူးယစ်ဆေးဝါး ၁၈၄ ဂရမ်ကို ထပ်မံရှာဖွေတွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ (The Star-October 5,2011)

## ကြောင်အညစ်အကြေးများနဲ့အနံ့ဆိုး

အမှတ် ၆၃ ရေကျော်လမ်းမ ၇ ရပ်ကွက် ပုဇွန်တောင်မြို့နယ်မှာ နေထိုင်သူတဦးသည် သူပိုင်အခန်းများတွင် ကြောင်များစွာ မွေးမြူထားပါသဖြင့် တိုက်တတိုက်လုံးတွင် ကြောင်အညစ်အကြေးများနဲ့အနံ့ဆိုးများနဲ့ ညစ်ပတ်ကာ တိုက်တွင် နေထိုင်သူများ ကျန်းမာရေးဆိုးဝါးစွာ ထိခိုက်နေပါတယ်၊ သက်ဆိုင်ရာကို တိုင်ကြားသော်လည်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ ဒါကြောင့် ကိစ္စကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် အထက်ကို တင်ပြလိုက်ပါတယ်၊ (VOB-October 8,2011)

## ဖြူဖြူကျော်သိန်းက ပထမရ

ရွှေအက်ဖ်အမ် နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို အောက်တိုလာလ ၃ ရက်နေ့က အမျိုးသားကဇာတ်ရုံမှာ ကျင်းပခဲ့ပါတယ်။ အမျိုးသမီးတေးသီချင်းတောင်းဆိုကဏ္ဍမှာ "ဒါဟာ အချစ်တဲ့လား" သီချင်းကို အကြိမ်ရေပေါင်း ၁၁၅၉ ကြိမ်တောင်းဆိုခံရတဲ့ အဆိုတော် ဖြူဖြူကျော်သိန်းက ပထမရရှိသွားတယ်လို့ သတင်းများက ဆိုပါတယ်။ အက်ဖ်အမ်ပရိသတ်တွေက ဖုန်း၊ အီးမေးလ်တွေနဲ့ တောင်းဆိုခဲ့ကြတာတွေကို တလချင်းစီးအလိုက် စာရင်းပြုစုကာ ချီးမြှင့်ပေးတာဖြစ်ပါတယ်။ (MMT-October 3,2011)

## ဆေးဝါးကုသမှု ရပ်ဆိုင်းတော့မည်

မြန်မာနိုင်ငံမှ ထွက်ပြေးရောက်ရှိလာတဲ့ ဒုက္ခသည်များရဲ့ ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်ပေးနေတဲ့ Doctors Without Borders အဖွဲ့ရဲ့ လုပ်ငန်းများကို ရပ်ဆိုင်းတော့မှာဖြစ်ပါတယ်။ ၃၅ နှစ်ကျော်ကြာ ဆေးဝါးကုသမှုများကို လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများကို ရပ်ဆိုင်းတော့မှာဖြစ်တယ်လို့ အဖွဲ့ခေါင်းဆောင် Denis Penoy က ပြောပါတယ်။ ဒီအဖွဲ့ရဲ့ဆုံးဖြတ်ချက်အသေးစိတ်ကို မသိရသေးတဲ့အတွက် ဘာမှ ဝေဖန်ချက်မပေးလိုကြောင်း ထိုင်းအစိုးရရဲ့ပြောခွင့်ရကာ Thitima Chaisaeng ပြောပါတယ်။ (Washington Post - October 3,2011)

# မြစ်ဆုံဆည်ကိစ္စ ဥပဒေကြောင်းအရ ရင်ဆိုင်ရမယ်လို့ တရုတ်ကမ္ပဏီပြောဆို

**Mizzima ၊ အောက်တိုဘာ ၄ ။** ။ သမ္မတ ဦးသိန်းစိန်မှ ကချင်ပြည်နယ် မြစ်ဆုံဆည်လျှပ်စစ်စီမံကိန်းရပ်ဆိုင်းလိုက်သည့်အပေါ် ဥပဒေကြောင်း အရ ရင်ဆိုင်ဖြေရှင်းရမည်ဟု စီမံကိန်းတွင် အဓိကရင်းနှီးမြှုပ်နှံထား သည့် တရုတ်စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း CPI က တနင်္လာ နေ့က သတိပေးပြောကြားထားသည်။

သမ္မတသစ်အဖြစ် တာဝန်မထမ်းဆောင်မီ နှစ်လအလိုစစ်အစိုး ရဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဖေဖော်ဝါရီလအတွင်း က မြစ်ဆုံစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ခဲ့စဉ် စီမံကိန်းတည်ဆောက် မှုများကို အရှိန်မြှင့်ရန် ပြောခဲ့သေးသဖြင့် နားမလည်နိုင်အောင်ဖြစ်ရ သည်ဟု China Power Investment Corporation ဥက္ကဋ္ဌ မစ္စတာ LU Qizhou က တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းသို့ ပြောခြင်းဖြစ်သည်။

မစ္စတာ LU Qizhou ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းက ကိုးကားထားရာတွင် "ကျနော်တော့ တကယ့်ကို အံ့ဩသွားတာ" ဟု ပါရှိသည်။ "အခုလို စီမံကိန်းကို ရွှေ့ဆိုင်းထားမယ်လို့ ကြေညာလိုက်တဲ့ အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေ ရပ်ထားရမှာဖြစ်ပါတယ်။ အဲဒီ တော့ ဥပဒေကြောင်းအရ ဆက်သွားရမှာပေါ့" ဟုလည်း ရေးသားထား သည်။ ရင်းနှီးမြှုပ်နှံငွေခန့်မှန်း အမေရိကန်ဒေါ်လာသန်း ၃,၆၀၀ ရှိပြီး ၂၀၁၉ တွင် အပြီးလျာထားသည့် BOT စနစ်အကျိုးတူ မြစ်ဆုံစီမံ ကိန်းကို "၂၀၀၆ ခု ဒီဇင်ဘာတွင် CPI နဲ့ အမှတ် ၁ လျှပ်စစ်ဝန်ကြီး ဌာနတို့အကြား ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ၊ ၂၀၀၉ ခု မတ်လ နှစ်နိုင်ငံအစိုးရအကြား လျှပ်စစ်ထုတ်လုပ်ရေး သဘောတူညီချက်တွေ အရ CPI က လုပ်ပိုင်ခွင့်ရှိနေတာပါ" ဟု သူက ဆက်ပြောသည်။

အေးရှားဝေါလ်ကုမ္ပဏီလည်းပါဝင်သည့် စီမံကိန်းအတွက် ဥပ ဒေ ကြောင်းအရ လိုအပ်သည့်အကျိုးတူ စီးပွားရေးအကျိုးအမြတ်နှင့် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်များ၊ တရားသူကြီးများ၏ မှတ်ချက်နှင့်သဘော တူခံဝန်ချက်များလည်း ရှိနေသည်ဟု CPI ဥက္ကဋ္ဌက အတိအလင်းထည့် ပြောထားသည်။ စီမံကိန်းကြောင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးပြီး ယ ဉ်ကျေးမှုအမွေအနှစ်များပျောက်ကွယ်ဆုံးရှုံးရပြီး ဧရာဝတီမြစ်ဝကျွန်း ပေါ် လယ်ယာများလည်း ပင်လယ်ရေငံဝင်ကာပျက်စီးမည့် အန္တရာယ် ရှိနေသဖြင့် လူထုလူတန်းစား အသီးသီးက ကန့်ကွက်နေကြသည်။

အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း "ဧရာဝတီမြစ်ကို ထိန်းသိမ်းခြင်းသည် နိုင်ငံ၏စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသာမက၊ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအမွေ နှစ်ကို စောင့်ရှောက်ခြင်းလည်း မည်ပါသည်" ဟု ၂၀၁၁ ခု ဩဂုတ်လ က ပန်ကြားခဲ့သည်။CPI က နှစ် ၅၀ စီမံလုပ်ကိုင်ခွင့်ရထားသည့် မြစ်ဆုံစီမံကိန်း ကြောင့် ဧရာဝတီအထက်ပိုင်းအပေါ် သက်ရောက်မှုကို CPI က အကုန်ကျခံပြီး တရုတ်နိုင်ငံမှ ရေအားလျှပ်စစ်ဆိုင်ရာ လေ့လာ ဒီဇိုင်းရေးဆွဲသည့် Changjiang Institute အပါဝင် နှစ်နိုင်ငံကျွမ်း ကျင်ပညာရှင် ၁၀၀ ကျော်တို့က တိုင်းထွာလေ့လာခဲ့ကြသည်။

"ရေလွှမ်းမယ့် ဧရိယာက ဧရာဝတီမြစ်ညာတခုလုံးရဲ့ ၁.၄ရာ ခိုင်နှုန်းပဲရှိပါတယ်။ စိုက်ပျိုးဧရိယာကလည်း နည်းနည်းလေးပါ။ ဇီဝမျိုး ကွဲတွေလည်းမထိခိုက်နိုင်ပါဘူး။ မြန်မာလျှပ်စစ်ဝန်ကြီးဌာနကလည်း ကျွမ်းကျင်သူတွေနဲ့ ဆွေးနွေးပြီးတော့ လက်ခံထားပြီးဖြစ်ပါ တယ်" ဟု မစ္စတာ LU Qizhou က ဆက်ပြောသည်။ နိုင်ငံတကာမြစ်ချောင်းများ ကာကွယ်ရေး အန်ဂျီအိုအဖွဲ့ Intern ational Rivers ၏ ထိုင်းနိုင်ငံတာ ဝန်ခံတဦးဖြစ်သူ မစ္စတာဖီယန်ဖွန် ဒီထက်စ် Pianporn Deetes ကမူ မြစ်ဆုံဆည်တခုတည်းကို ပြော၍မရဘဲ ဧရာဝတီမြစ်ညာရှိ အခြားစီမံ ကိန်းများလည်းရှိသေးသည်ဟု ဆိုသည်။ ဧရာဝတီမြစ်သည် မြောက် ပိုင်းကချင်ပြည်နယ်မှ ဧရာဝတီမြစ်ဝကျွန်းပေါ်အထိ မှီတင်းနေထိုင်သူ အားလုံး၏ ဘဝပင်ဖြစ်သည်ဟု ဆိုသည်။

"တနိုင်ငံလုံးအားထားရတဲ့ ဆန်စပါး အဓိကထွက်ရာဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကိုထိခိုက်မှာအရေးတကြီးစိုးရိမ်စရာပါပဲ။ပြီးတော့ ဆည်တမံကြောင့် ငါးနဲ့ ရေသတ္တဝါတွေရဲ့ ရွှေ့ပြောင်းသွားလာတဲ့ လမ်း ကြောင်းတွေလည်းပိတ်သွားမှာပါ" ဟု မစ္စတာဖီယန်ဖွန် ဒီထက်စ်က မဇ္ဈိမကိုပြောသည်။ ဧရာဝတီမြစ်ဖျား မေခနှင့် မလိခမြစ်ပေါ်ရှိရေ အားလျှပ်စစ် စီမံကိန်းရှစ်ခုအနက် စက်တပ်ဆင်အား မဂ္ဂါဝပ် ၆,၀၀၀ ဖြင့် အကြီးဆုံးမြစ်ဆုံစီမံကိန်းတည်ဆောက်မှုသည် ၁၀ ရာခိုင်နှုန်းပြီး နေပြီဟု လွှတ်တော်တွင်း တရားဝင်ပြောဆိုချက်များအရ သိရသည်။

ယင်းစီမံကိန်းများလည်းပတ်လျှင် မြန်မာမှ အခွန်ကောက်ခံမှုမှ အမေရိကန်ဒေါ်လာ သန်း ၅,၄၀၀ ရရှိပြီး လျှပ်စစ် အခမဲ့ရနိုင်မည်ဟု CPI ဥက္ကဋ္ဌက ပြောသည်။အမှတ် ၁ လျှပ်စစ်ဝန်ကြီး ဦးဇော်မင်းက ယင်းစီမံကိန်းကို မဖြစ်မနေဆက်လုပ်မည်ဟု စက်တင်ဘာ ၁၀ ရက် နေ့က ပြောကြားခဲ့ပြီးနောက် ကန့်ကွက်သူများအကြား ဝေဖန်မှုများ ကြီးထွားလာပြီးနောက် စက်တင်ဘာ ၁၇ ရက်နေ့တွင် နေပြည်တော်၌ အလုပ်ရုံဆွေးနွေးပွဲတရပ်ကျင်းပခဲ့ရာ CPI ဥက္ကဋ္ဌလည်း တက်ရောက် ပြီး စာတမ်းတစောင် ဖတ်ကြားသွားသေးသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးဦးဇော်မင်းက စီမံကိန်းအကျိုးဆက်နှင့် ပတ်သက်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအထိ မလေ့လာရသေး ကြောင်း ဝန်ခံသွားပြီး သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်မှုစံအဖြစ် အသုံးပြုနိုင်မည့် "သဘာဝပတ်ဝန်းကျင်ဥပဒေ" မရှိသေးသဖြင့် လေ့ လာချက်များ မပြည့်စုံနိုင်ကြောင်း ပြောဆိုသည်။

International Rivers ၏ ထိုင်းနိုင်ငံတာဝန်ခံ Pianporn Deetes ကလည်း မြန်မာနိုင်ငံတွင် ပြီးပြည့်စုံသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေတခု စတင်ရေးဆွဲရန် လိုအပ်နေကြောင်း သဘောတူသော်လည်း ဧရာဝတီမြစ်ညာ စီမံကိန်းများ၏ အချက်အလက်များကို လူထုအား ပွင့်ပွင့်လင်းလင်း ချပြရန် လိုအပ်သည်ဟု ဆိုသည်။

"စီမံကိန်းကို ရပ်ဆိုင်းထားမယ်လို့ ကြေညာပြီးတော့ နှစ်နိုင်ငံ အစိုးရ တရုတ်ကုမ္ပဏီတွေနဲ့ နောက်ကွယ်မှာ ကြိတ်ပြီး ညှိနှိုင်းတာမျိုး မဖြစ်စေလိုပါဘူး။ လုပ်ငန်းစဉ်အားလုံးကို ပွင့်ပွင့်လင်းလင်းပြေဆိုပြီး စီမံကိန်းဆိုးကျိုးကိုခံရမယ့် သူတွေအတွက် တာဝန်ခံတာကို မြင်တွေ့ လိုပါတယ်" ဟုပြောသည်။ ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ဝှမ်း ပေါ်၌ ရေအားလျှပ်စစ်စီမံကိန်း ၁၈ ခုကို အကောင်အထည်ဖော်နေ ရာမြစ်ဆုံစီမံကိန်းသည် စက်တပ်ဆင်အား ၆,၀၀၀ မဂ္ဂါဝပ်ဖြင့် အကြီး ဆုံးဖြစ်ပြီး ထာခစီမံကိန်းသည် ၆ မဂ္ဂါဝပ်ဖြင့် အသေးဆုံးဖြစ်သည်။ စီမံကိန်း ၁၈ ခုပေါင်းလျှင် စက်တပ်ဆင် အား ၂၀,၇၆၀ မဂ္ဂါဝပ်ရှိကြောင်း ၂၀၁၁ နှစ်ဆန်းပိုင်း တရားဝင်ထုတ်ပြန်ချက်များက ဆိုသည်။

## ပြကွဒိန်မှ

**အောက်တိုဘာ ၄ ၊** VOA ။ ။ မြစ်ဆုံဆည်ဆောက်လုပ်ခြင်း ရပ်တန့်မှုအတွက် တရားမှုများ ရင်ဆိုင်ရနိုင်ကြောင်း တရုတ်မှ မြန်မာသို့ သတိပေးလေသံများထွက်ကြောင်း XNA သတင်းမှဆို၏။

**အောက်တိုဘာ ၅ ၊** AFP ။ ။ မြန်မာရောက် ထိုင်းဝန်ကြီးချုပ် Yingluck Shinawatra သည် မြန်မာသမတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့၏။

**အောက်တိုဘာ ၅ ၊** CSW-London ။ ။ ငြိမ်းချမ်းရေးဆွေးနွေးရေး ကမ်းလှမ်းမှုဖြစ်နေသော်လည်း ကချင်ပြည်နယ်တွင် စစ်အဟုန်မြင့်တက်လာကာ ကချင်ရွာများပင် အတိုကအခိုက်ခံနေရကြောင်း၊ ရွာသူရွာများ ဒုက္ခရောက်နေကြောင်း Christian Solidarity Worldwide မှ ဆို၏။

**အောက်တိုဘာ ၅ ၊** DVB ။ ။ မြန်မာတပ်များမှ ပေါ်တာအဖြစ်သုံးနေသော ကချင်ပြည်နယ်ရွာသားများအား မိသားစုများမှ ငွေပေးမှသာ လွှတ်ပေးမည်ဟု ဆိုကြောင်း။

**အောက်တိုဘာ ၅ ၊** DVB ။ ။ တွေ့ခွင့်ပိတ်ခံနေရသော ဇာဂနာအား မိသားစုသည် နောက်တခါ ထပ်တွေ့ခွင့်ရ၍ လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါမည်လောဟု လူများ ထင်ကြေးပေးနေ၏။

**အောက်တိုဘာ ၅ ၊** Foreign Affairs Ministry, China ။ တရုတ်သံအမတ် Li Junhua သည် တရုတ်ပြည်သူ့သမတနိုင်ငံ (PRC) အထိန်းအမှတ်နေ့တွင် တရုတ် – မြန်မာနယ်စပ်ရှိ တရုတ်စီမံကိန်းများကိုကြည့်ရှု၏။

**အောက်တိုဘာ ၅ ၊** Irrawaddy ။ ။ နေပြည်တော်သည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ လုပ်မည်ဖြစ်၍ နယ်စပ်တပ်အသွင်သို့ ပြောင်းရေး ပြဿနာများကို ဘေးချိတ်ထား၏။

**အောက်တိုဘာ ၅ ၊** Irrawaddy ။ ။ တရုတ်နှင့်မြန်မာတို့သည် အသွင်တူ ငှက်များ မဟုတ်တော့ကြောင်း အယ်ဒီတာဦးအောင်ဇော်မှ မြစ်ဆုံဆည်ဆောက်ရေးရပ်တန့်မှုအပေါ် သတင်းဝေဖန်၏။

**အောက်တိုဘာ ၅ ၊** Irrawaddy ။ ။ နယ်စပ် ပြန်ဖွင့်ရန် ထိုင်းဝန်ကြီးချုပ် ယင်းလပ် တွင် အစီအစဉ် နည်းလမ်းရှိ၏လောဟု ဝေမိုးမှ သတင်းဝေဖန်၏။

**အောက်တိုဘာ ၅ ၊** Jakarta ။ ။ တရုတ်မှ မြစ်ဆုံဆည်ဆောက်ခြင်းကို မြန်မာအစိုးရမှ ရပ်တန့်ခြင်းသည် မည်သည့်အကြောင်းများကြောင့်ဟု သိရခက်သော်လည်း ပြည်သူ့အလိုဆန္ဒနှင့် ကိုက်ညီသော်လည်း ပြည့်သူ့ဆန္ဒကို လိုက်လျောခြင်းသက်သက်ကြောင့် ဖြစ်နိုင်ချေနည်းကြောင်း မြန်မာအရေးကျွမ်းကျင်သူ Bertil Lintner မှ သုံးသပ်၏။

**အောက်တိုဘာ ၅ ၊** Mizzima ။ ။ သုံးခွမြို့ NLD အဖွဲ့ဝင် နိုင်ဝင်း ( ၂၉ နှစ်) သေဆုံးမှုနှင့်ဆက်စပ်၍ သူမသေမီ နာရီအနည်းငယ်က သူနှင့် အချင်းပွားခဲ့သော ရဲဝန်ထမ်းအား သုံးခွရဲစစ်ဆေး၏

**အောက်တိုဘာ ၅ ၊** Mizzima ။ ။ ပုကဂ္ဂလိကကျောင်း ဥပဒေကြမ်းအပေါ် လွှတ်တော်သည် သဘောကွဲနေ၏။

**အောက်တိုဘာ ၅ ၊** Nation. BKK ။ ။ မြန်မာ အိမ်မြေဈေးကွက် တိုးမြှင့် ရောင်းဝယ်ရေးသည် အခက်အခဲများရှိနေသေးသော်လည်း နောက်နှစ်တွင် သိသိသာသာ တိုးတက်မည်ဟု Colliers Intl. Thailand မှ ပထမဆုံး ရန်ကုန် အိမ်မြေဈေးကွက်သတင်းပို့ချက်မှဆို၏။

**အောက်တိုဘာ ၆ ၊** AFP ။ ။ ပြည်သူ့ဆန္ဒအတိုင်း မြစ်ဆုံဆည် ဆောက်လုပ်ခြင်း ရပ်စဲစေခဲ့သည့် မြန်မာအစိုးရ၏ လုပ်ရပ်ကို ဂျွန်မက်ကိန်းမှ ချီးမွမ်း၏။

**အောက်တိုဘာ ၆ ၊** DVB ။ ။ ပြည်သူသည် အာဏာမရှိသော အရုပ်သားအမည်ခံ အစိုးရဖွဲ့သော မြန်မာသည် ကမ္ဘာ့လုံခြုံရေးအတွက်အန္တရာယ်ဖြစ်ကြောင်း Janet Benshoof ( Global Justice Center) မှ သတင်းဝေဖန်၏။

**အောက်တိုဘာ ၆ ၊** Irrawaddy ။ ။ အငြင်းပွားမှုနှင့် တိုက်ပွဲများ ပြင်းထန်လာ၍ ကချင်များသည် ဘုရားသခင်၏ မေတ္တာဖြင့် ငြိမ်းချမ်းရေးရရန် ဆုတောင်းပွဲများ ကျင်းပ၏။

**အောက်တိုဘာ ၆ ၊** Irrawaddy ။ ။ မြစ်ဆုံဆည်ဆောက်ရေး ရပ်တန့်ပြီးနောက် တရုတ်သို့ သဘာဝဓါတ်ငွေ့ သယ်ပိုးပေးမည့် ပိုက်လိုင်းများသည် မြန်မာလှုပ်ရှားသူများအတွက် ဝေဖန်စရာပြစ်မှတ်များဖြစ်လာ၏။

**အောက်တိုဘာ ၆ ၊** Japan Times ။ ။ တရုတ် ပြည်တွင်းပြည်ပ ဆည်မြောင်းတာတမံကြီးများ ဆောက်လုပ် စီမံကိန်းများသည် ကမ္ဘာနှင့် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက အိမ်ရှင်နိုင်ငံသားများ၏ အမျက်ဒေါသထွက်ခြင်းကို ခံနေရကြောင်း နျူးဒေလီအခြေစိုက် Brahma Chellan မှ သတင်းသုံးသပ်၏။

**အောက်တိုဘာ ၆ ၊** JKT Globe ။ ။ ၁၉၆၂ စစ်အာဏာသိမ်းပြီးထဲက မြန်မာသည် အထူးခြားဆုံး နိုင်ငံရေးပြောင်းလဲမှုဖြစ်နေကြောင်း သန့်မြင့်ဦး မှ နျူးရောက်တိုင်းမ်း စ်တွင်ဆို၏။

**အောက်တိုဘာ ၆ ၊** Malaysian Digest ။ ။ ပီနန်ရဲသည် မြန်မာမှ တရားမဝင် ဝင်ရောက်လာသူ ၉၇ ဦးအား ဖမ်းဆီးခဲ့၏။

**အောက်တိုဘာ ၆ ၊** Mizzima ။ ။ မြစ်ဆုံဆည်ဆောက်ခြင်း ရပ်တန့်ခြင်းအပေါ် တရုတ်ကုမ္ပဏီ မှ တရားမှုပြုလျှင် အစိုးရသည် မြစ်ဆုံဆည် စာချုပ်သဘောတူ အချက်အလက်များကို အများပြည်သူသို့ အသိပေးသင့်သည်။

**အောက်တိုဘာ ၆ ၊** Mizzima ။ ။ ရှမ်းပြည်နယ်တပ် (တောင်) SSA-S သည် မြန်မာအစိုးရမှ ကမ်းလှမ်းသည့် ငြိမ်းချမ်းရေးအဆိုပြုမှုကို လက်ခံသော်လည်း တရား ဝင်ဖိတ်ကြားမှုရှိမှသာ ဆွေးနွေးမည်ဖြစ်ကြောင်း။

**အောက်တိုဘာ ၆ ၊** Monsters and Critics ။ ။ သမတဦးသိန်းစိန်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩဂုတ်လတွင် တွေ့ဆုံစဉ် နံရံတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပုံကိုလည်း ချိတ်ထားကြောင်း။

**အောက်တိုဘာ ၆ ၊** Nation ။ ။ မြန်မာသို့ နာရီတိုခရီးနှင်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း မတွေ့ခဲ့ခြင်းသည် ထိုင်းဝန်ကြီးချုပ် Yingluck Shinawatra ၏ မဟာအမှားတခုဖြစ်နိုင်ကြောင်း။

**အောက်တိုဘာ ၆ ၊** Radio Australia ။ ။ မြန်မာအစိုးရသည် မြစ်ဆုံဆည် ဆောက်လုပ်ခြင်းကို ရပ်စဲ ခဲ့ခြင်းသည် ပြည်သူ့ဆန္ဒအတိုင်း ပြုလုပ်ခဲ့ခြင်းလော။

**အောက်တိုဘာ ၆ ၊** SMH ။ ။ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ ကုန်ကျမည့် မြစ်ဆုံဆည် စီမံကိန်း ဖျက်သိမ်းခဲ့၍ တရုတ်အစိုးရပိုင်ကုမ္ပဏီသည် အံ့ဩဒေါမန်ထွက်ကာ မြန်မာအပေါ် တရားစွဲချင်ကြောင်း။

**အောက်တိုဘာ ၆ ၊** WSJ ။ ။ မြန်မာ၏ နောက်ဆုံး ဆန္ဒသည် အာဆီယံဥက္ကဌနေရာ ဖြစ်ကြောင်း။

# မြန်မာ အာဆီယံ ဥက္ကဋ္ဌဖြစ်ရေး အင်ဒိုနီးရှားဝန်ကြီး သွားလေ့လာမည်

**VOA ၊ အောက်တိုဘာ ၄ ။** ။ ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကို တာဝန်ပေးဖို့ မသေချာသေးဘူးလို့ လက်ရှိ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံက ပြောလိုက်ပါတယ်။ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Marty Netalegawa နဲ့ အဖွဲ့ဟာ ဒီလနောက်ဆုံးပတ်ထဲမှာ မြန်မာနိုင်ငံကိုသွားရောက်ပြီး အာဆီယံဥက္ကဋ္ဌတာဝန်ယူဖို့ အဆင့်သင့်ဖြစ် မဖြစ် အကဲခတ်လေ့လာမှာ ဖြစ်တယ်လို့ အင်ဒိုနီးရှား နိုင်ငံခြားရေး ဝန်ကြီးဌာနက VOA ကို အတည်ပြုပြောဆိုပါတယ်။ဒါနဲ့ပတ်သက်ပြီး ဘန်ကောက်ကနေ ဒေါ်ခင်စိုးဝင်းက သတင်းပေးပို့ထားပါတယ်။

မြန်မာအစိုးရက နိုင်ငံရေးအပြောင်းအလဲတွေ လုပ်နေတာဟာ အာဆီယံဥက္ကဋ္ဌတာဝန်ယူရေး ဦးတည်ချက်နဲ့လုပ်နေတာလို့ ဝေဖန်သူတွေက သုံးသပ်နေကြသလို တချို့နိုင်ငံရေးအကဲခတ်တွေကလည်း အာဆီယံဥက္ကဋ္ဌတာဝန်ယူရေးက ဆုံးဖြတ်ပြီးသား၊ သေချာပြီးသားဖြစ်နေတဲ့အတွက် တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီရေးပြုပြင်ရေး လမ်းကြောင်းကိုကြိုးစားလျှောက်လှမ်းနေတာပါလို့ပြောဆိုနေတဲ့အသံတွေ အခုတလော ကြားနေရပါတယ်။ မနက်ဖြန် မြန်မာပြည်ကို ချစ်ကြည်ရေးမိတ်ဆက်ခရီးသွားမယ့် ထိုင်းဝန်ကြီးချုပ် ယင်းလပ်ရှင်နာဝပ်ကလည်း အိမ်ရှင်သမ္မတဦးသိန်းစိန်ကို အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးထိုင်းနိုင်ငံအနေနဲ့ ထောက်ခံတယ်ဆိုတာကို ပြောဆိုမယ်လို့ ခရီးမထွက် ခင်ကတည်းက ကြိုပြီးပြောထားပါတယ်။

ဒါကြောင့်မို့လို့ တကယ်ပဲ မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ပေးရေး နောက်ကွယ်ကနေ လျှို့ဝှက်စွာ ဆုံးဖြတ်ထားပြီးသားပါလားလို့ မေးကြည့်ရာမှာတော့ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Michael Tene မိုက်ကယ်လ်တီနေးက အခုလိုဖြေပါတယ်။ အာဆီယံအသင်းဝင် တနိုင်ငံချင်းစီအနေနဲ့ မြန်မာနိုင်ငံအပေါ် သီးခြားသဘောထားအမြင်တွေရှိကြမှာပါတဲ့။ ဒါပေမဲ့ သူသိထားသလောက်ကတော့ အာဆီယံအသင်းဝင်နိုင်ငံတွေအားလုံးစုစည်းပြီး မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျဥက္ကဋ္ဌတာ ဝန်ပေးရေးဆုံး ဖြတ်ချက်မချရသေးပါဘူးတဲ့။ အာဆီယံအသင်းကနေ ထုတ်ပြန်တဲ့ ကြေညာချက်တွေ၊ စာတမ်းတွေအားလုံးကို သေသေချာချာကြည့်ရှုလေ့လာလို့ ရပါတယ်လို့ ဖြေဆိုသွားတာပါ။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Marty Netalegawa မာတီနာတာလီဂါဝါက အာဆီယံဥက္ကဋ္ဌရဲ့တာဝန်တရပ်အနေနဲ့ မြန်မာနိုင်ငံကို အကဲခတ်လေ့လာရေးခရီးထွက်ဖို့ အောက်တိုဘာလ စတုတ္ထပတ်မှာသွားရောက်မှာဖြစ်တယ်လို့ပြောခွင့်ရပုဂ္ဂိုလ်မိုက်ကယ်လ်တီးနီးက အခုလို အတည်ပြု ပြောဆိုလိုက်ပါတယ်။

ဒီခရီးစဉ်ရဲ့ ရည်ရွယ်ချက်တခုကတော့ မြန်မာအစိုးရက အာဆီယံဥက္ကဋ္ဌတာဝန်ယူရေး ပန်ကြားထားတဲ့နေရာမှာ ဒေသတွင်းဥက္ကဋ္ဌဆိုတဲ့ တာဝန်ကို ယူနိုင်ဖို့ ဘယ်လောက်ပြင်ဆင်မှုတွေ လုပ်ထားပြီးပြီလဲဆိုတာကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုလေ့လာဖို့ဖြစ်ပါတယ်တဲ့။ တကယ်တော့ မြန်မာနိုင်ငံဟာ အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၆ ခုနှစ်မှာမှ အလှည့်ကျတာဖြစ်ပေမဲ့ ၂၀၁၄ ခုနှစ်မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူလိုတယ်လို့ မေတ္တာရပ်ခံခဲ့တာပါလို့ ပြောဆိုတာပါ။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ ကုလသမဂ္ဂအထွေထွေညီလာခံကြီးကို ပြီးခဲ့တဲ့ သီတင်းပတ်တွေတုန်းကတက်ရောက်ခဲ့တုန်းက မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ပေးရေး ကိစ္စနဲ့ပတ်သက်ပြီး မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပြင် လူထုအခြေပြု အဖွဲ့အစည်းတွေရဲ့အသံ၊ ဆန္ဒသဘောထားတွေကိုလည်း နားထောင်ဖို့ လိုတယ်လို့ ပြောဆိုခဲ့တဲ့အတွက် ဒီခရီးစဉ်အတွင်း အဲဒီပုဂ္ဂိုလ်တွေနဲ့တွေ့ဖို့ အစီအစဉ် ရှိမရှိကိုတော့ မစ္စတာ မိုက်ကယ်လ်တီးနီးက အခုလို ဖြေဆိုသွားပါတယ်။

သက်ဆိုင်သူတွေနဲ့ မြန်မာလူမှုအသိုင်းအဝိုင်းရဲ့ အမြင်တွေကိုလည်း အင်ဒိုနီးရှားကိုယ်စားလှယ် အဖွဲ့အနေနဲ့တွေ့ဖို့စီစဉ်ထား ပါတယ်တဲ့။ အစီအစဉ် အသေးစိတ်ကတော့ ညှိနှိုင်းနေဆဲဖြစ်ပါတယ်လို့ ပြောဆိုသွားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ နိုင်ငံရေး နှိပ်ကွပ်မှုတွေကြောင့် နိုင်ငံတကာက ဝေဖန်နေကြတဲ့အတွက် မြန်မာနိုင်ငံသာ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ယူခဲ့မယ်ဆိုရင် အာဆီယံအသင်းကြီးအနေနဲ့ နိုင်ငံတကာနဲ့ဆက်ဆံရေးနယ်ပယ်မှာ ထိခိုက်လာနိုင်သလို အာဆီယံအတွက်လည်း မျက်နှာပျက်စရာဖြစ်မယ်လို့ လူ့အခွင့်အရေးအဖွဲ့ အတော်များများကတော့ ဝေဖန်နေကြတာပါ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးကို ရှေ့ရှုတဲ့ အပြောင်းအလဲတွေ တကယ်အကောင်အထည်ဖော်နိုင်အောင် အာဆီယံအနေနဲ့ အရင်ဖိအားပေးဖို့ လိုတယ်လို့လည်း နိုင်ငံတကာအသိုင်းအဝိုင်းက ဆော်ဩနေတာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၀ မှ**

ကတော့ရင်းနှီးမြှုပ်နှံမှုတွေအတွက်လူထုဆန္ဒကိုတကယ်ယူမယ်၊လူထုဆန္ဒအတိုင်း လုပ်မယ်ဆိုရင် ဘာမှ စိုးရိမ်စရာမရှိဘူးလို့ မြင်ပါတယ်။

မြန်မာ့အရေးလေ့လာသူ သုတေသီ ဦးသန့်မြင့်ဦးကတော့ လက်ရှိ ရင်းနှီးမြှုပ်နှံမှုတွေရော လာမယ့်ရင်းနှီးမြှုပ်နှံမှုတွေကိုပါ လုံခြုံအာမခံမှုပေးနိုင်ဖို့ဆိုရင် မြန်မာနိုင်ငံအနေနဲ့ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ စည်းမျဉ်းတွေနဲ့ အုပ်ချုပ်မှုကောင်းဖြစ်ဖို့ အလျင်အမြန်လိုအပ်နေပြီလို့ ဗွီအိုအေကို ပြောပါတယ်။ တဘက်မှာလည်း ဒီရင်းနှီးမြှုပ်နှံမှုတွေမှာ ပွင့်လင်းမြင်သာမှုရှိဖို့၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနဲ့ဒေသခံပြည်သူ အကျိုးစီးပွားတွေကိုပါထည့်တွက်ဖို့လိုမယ်လို့ ဦးသန့်မြင့်ဦးက ပြောပါတယ်။

CPI ဥက္ကဋ္ဌရဲ့ ပြောဆိုချက်မှာတော့ မြစ်ဆုံစီမံကိန်းဝန်းကျင်က ဒေသခံပြည်သူ ၂ ထောင်ကျော်အတွက် နှစ်ထပ်တိုက် အိမ်ယာသစ်တွေဆောက်လုပ်ပေးတာ အပါအဝင် လျော်ကြေးငွေ၊ နောက် သူတို့ရဲ့ လိုအပ်ချက် ကျောင်း၊ ဆေးရုံစသဖြင့် လူမှုရေးအထောက်အကူပြုမှုတွေ အတော်များများပေးခဲ့ပြီးသားဖြစ်တယ်လို့ ဆိုပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်လို့လည်း သူတို့အသေအချာ တွက်ချက်ခဲ့ပြီး ဒီဆည်ကြောင့်ပဲ ရေလွှမ်းမိုးမှုတွေကို လျှော့ပါးသွားစေမယ်၊ ဧရာဝတီမြစ်ရဲ့ ရေစီးဆင်းမှုကိုပိုပြီး ထိန်းကျောင်းပေးနိုင်မယ်လို့ တရုတ်အစိုးရပိုင်သတင်းမှာ CPI ဥက္ကဋ္ဌကပြောခဲ့ပါတယ်။ ဒ့ါအပြင် ဒီစီမံချက်ကြောင့် အလုပ်အကိုင် ၄ သောင်းကျော် ဖန်တီးပေးနိုင်လိမ့်မယ်လို့လည်း တရုတ်ဘက်က ပြောဆိုခဲ့ပါတယ်။

# မြန်မာနိုင်ငံအပြောင်းအလဲ အမေရိကန် အထူးကိုယ်စားလှယ် ကြိုးပမ်းမည်

**VOA ၊ အောက်တိုဘာ ၃ ။** ။မြန်မာနိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ်အဖြစ် ပြီးလက သမ္မတအိုဘားမားက အမည်တင်သွင်းခဲ့ပြီးတော့ ဖွန်လမှာ အထက်လွှတ်တော်ကြားနာစစ်ဆေးပွဲ ကျင်းပပြီးနောက် ခန့်အပ်ခံခဲ့ရတဲ့ မစ္စတာဒဲရက်မစ်ချဲလ်ကို တနင်္လာနေ့က အမေရိကန်နိုင်ငံခြားရေးဌာနမှာ တရားဝင်ကျမ်းသစ္စာကျိန်ဆို ခန့်အပ်ခဲ့ပါတယ်။ မြန်မာ့အရေးအောင်မြင်အောင် အားလုံးနဲ့တိုက်ရိုက် ဆက်ဆံပြီး အဖြေရဖို့ကြိုးစားမှာဖြစ်သလို မြန်မာနိုင်ငံအခြေအနေကို အမေရိကန်သမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးဆီ မပြတ်လေ့လာတင်ပြပြီး အပြောင်းအလဲတွေအတွက် မြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်ဖို့ ကြိုးစားမယ်လို့ မစ္စတာမစ်ချဲလ်က ကျမ်းသစ္စာကျိန်ဆိုရာမှာ ကတိပေးပြောကြားခဲ့ပါတယ်။ အပြည့်စုံကို ဆက်သွယ်စုံစမ်းထားတဲ့ ဒေါ်ခင်မျိုးသက်ကတင်ပြထားပါတယ်။

အမေရိကန်အစိုးရက မြန်မာနိုင်ငံမှာ စစ်ခေါင်းဆောင်တွေ ဒီမိုကရေစီရေး ကြိုးပမ်းလာစေဖို့ ချမှတ်ခဲ့တဲ့ ၂၀၀၈ ခုနှစ် တွမ်လန်းတို့စ်ရဲ့ JADE Act ဥပဒေအရ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒညှိနှိုင်းရေးမှူးခန့်ထားရေးအတွက် သမ္မတအိုဘားမားက မစ္စတာမစ်ချဲလ်ကို ရွေးချယ်ခဲ့တာပါ။ တနင်္လာနေ့ ကျမ်းသစ္စာကျိန်ဆိုပွဲမှာတော့ မြန်မာပြည်သူတွေအပေါ် နားလည်မှုအပြည့်အဝရှိတဲ့ မစ္စတာမစ်ချဲလ်ကို ခန့်ထားတဲ့အတွက် ရေရှည်တည်တံ့ ပိုပြီးထူးခြားတဲ့အပြောင်း အလဲတွေတွေ့ရမယ်လို့ မျှော်လင့်ကြောင်းနိုင်ငံခြား ရေးဝန်ကြီး ကလင်တန်ကပြောကြားခဲ့တယ်လို့ ကျမ်းသစ္စာကျိန်ဆိုပွဲကို ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုတဲ့ USCB အဖွဲ့က တာဝန်ခံဦးအောင်ဒင်က ပြောပါတယ်။

"နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က အဓိကပြောတာကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ အမေရိကန်အစိုးရရဲ့ အာရုံစူးစိုက်မှုပေါ့၊ မြန်မာနိုင်ငံမှာ အပြောင်းအလဲဖြစ်ပေါ်ရေးအတွက်အမေကန်အစိုးရက တတ်နိုင်သလောက် ကြိုးပမ်းဆောင်ရွက်နေတယ်၊ ဒီလိုဆောင်ရွက်တဲ့နေရာမှာ dual track policy ပေါ့၊ တဘက်မှာ sanctions နဲ့ ဖိအားပေးမှုတွေကို ဆက်လက်ထိန်းသိမ်းထားပြီး တဘက်မှာကျတော့လည်း မြန်မာအစိုးရနဲ့ တိုက်ရိုက်ဆက်ဆံ ဆွေးနွေးပြီးတော့ အပြောင်းအလဲတွေ ဖြစ်အောင် အကြောင်းပြသိမ်းသွင်းတာကို သူတို့ ဦးစားပေးဆောင်ရွက်နေတယ်ပေါ့။ အဲဒီလို ဆောင်ရွက်နေတဲ့အခါမှာ အဓိကကျတဲ့မြန်မာအစိုးရနဲ့ တိုက်ရိုက်ဆွေးနွေးတာရော၊ ပတ်ဝန်းကျင်နိုင်ငံများနဲ့ညှိနှိုင်း ဆွေးနွေးတာရော၊ ပြီးတော့ ပူးပေါင်း အဖြေရှာတာရော။ အဲဒီလို လုပ်နေတဲ့အချိန်မှာပဲ ပိုပြီးအရေးကြီးတဲ့ အခုလိုမျိုး မြန်မာနိုင်ငံရေးကိစ္စကို အချိန်ပြည့်ဆောင်ရွက်နိုင်မယ့် အထူးသံတမန်တယောက် ခန့်အပ်တာ သူတို့အတွက် အင်မတန် အကျိုးရှိသလိုပဲမြန်မာနိုင်ငံတွင်းမှာ အစိုးရက အပြောင်းအလဲတွေလုပ်မယ်ဆိုတဲ့ လက္ခဏာပြနေတဲ့အချိန်မှာ အထူးသံတမန်ရဲ့ အခန်းကဏ္ဍက ပိုပြီး တော့ အရေးကြီးလာလိမ့်မယ်ပေါ့။

"နောက်ပြီးတော့ ဒဲရက်မစ်ချဲလ် အနေနဲ့ဆိုရင်လည်း မြန်မာနိုင်ငံရေးကိစ္စကို အင်မတန်မှ စိတ်ဝင်စားမှုရှိတယ်ပေါ့လေ။ သူ့ရဲ့မြန်မာနိုင်ငံရေးအရေးကိစ္စအပေါ်မှာ အာရုံစူးစိုက်မှု၊ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကြည်ညိုလေးစားမှု ဒါတွေဟာ အင်မတန် ကြီးမားတယ်ပေါ့။ မြန်မာပြည်သူတွေ အပေါ်မှာရော၊ မြန်မာ့ အတိုက်အခံအင်အားစုတွေနဲ့ နားလည် ရင်းနှီးမှုမှာလည်း သူ့ရဲ့ အခန်းအတိုင်းအတာက ကြီးမားတယ်ပေါ့။ ဒါကြောင့်မို့လို့ အမေရိကန်အစိုးရအနေနဲ့ မြန်မာ့အရေးကိစ္စအထူး အချိန်ပြည့် ဆောင်ရွက်ဖို့အတွက် လူတစ်ယောက်ကို ခန့်လိုက်ပြီ၊ အဲဒီပုဂ္ဂိုလ်ကလည်း မြန်မာ့အရေးအတွက် အထူးတလည် စေတနာရှိတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရေရှည်တည်တံ့ ပိုပြီးတော့ ထူးခြားတဲ့ အပြောင်းအလဲတွေ တိုးတက်မှုတွေ မြင်လာလိမ့်မယ်လို့ သူ မျှော်လင့်တယ်ပေါ့။"

မစ္စတာ မစ်ချဲလ်ကလည်း မြန်မာ့အရေးအောင်မြင်မှုအတွက် အဖြေတခုခုရဖို့ ကြိုးစားမယ်လို့ ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

"သူ့ကိုပေးအပ်တဲ့ ဘောင်ထဲကနေပြီးတော့ ကြိုးစားပြီးတော့ အောင်မြင်မှုရအောင် ဆောင်ရွက်မယ်၊ အဲဒီလို အောင်မြင်မှုရအောင် ဆောင်ရွက်တဲ့နေရာမှာ သူ ဖြစ်နိုင်သမျှ အားလုံးနဲ့ တိုက်ရိုက် ဆက်ဆံ ညှိနှိုင်းပြီးတော့ အဖြေတစ်ခုရအောင် ကြိုးစားသွားမယ်ပေါ့နော်။ သူ အခုဆိုရင် မြန်မာနိုင်ငံအရေးကိစ္စ တခုတည်းကိုပဲ အာရုံစိုက် လုပ်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူက တွေ့ဆုံရမယ့်သူ အားလုံးနဲ့တွေ့မယ်။ ပြီးတော့ နည်းလမ်းပေါင်းစုံ ရှာမယ်။ ဖြစ်နေတဲ့အခြေအနေတွေကိုလည်း သေချာသုံးသပ်ပြီးတော့ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နဲ့ သမ္မတတို့ကို တင်ပြပြီးတော့ အပြောင်းအလဲတွေကို မြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်တဲ့ အနေအထားမျိုးဖြစ်အောင် သူ ကြိုးပမ်းမယ်ပေါ့ဗျာ။ဒါက သူ့ရဲ့ ပြောဆိုချက်ပေါ့။"

အမေရိကန် အထူးသံတမန်အဖြစ်နဲ့ ရွေးချယ်တာခံခဲ့ရတဲ့ မစ္စတာမစ်ချဲလ်ဟာ စက်တင်ဘာလထဲမှာ မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး မြန်မာအစိုးရသစ်ဦးသိန်းစိန်အဖွဲ့နဲ့ရော မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အဖွဲ့အစည်းမျိုးစုံက ပုဂ္ဂိုလ်တွေနဲ့ပါ တွေ့ဆုံနိုင်ခဲ့သလို မကြာခင်ကမှ ကုလသမဂ္ဂ အထွေထွေညီလာခံကို တက်ရောက်လာတဲ့ မြန်မာနိုင်ငံခြားရေး ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကိုပါ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရုံးမှာ တွေ့ဆုံခဲ့ပါတယ်။ သူ့ကို ခန့်အပ်ခဲ့တဲ့အချိန်တိုအတွင်း မြန်မာ့အရေးလုပ်ဆောင်မှုတွေမှာ တိုးတက်မှုတွေ တွေ့ရတယ်လို့ ဦးအောင်ဒင်က ပြောပါတယ်။

"သူ့ရဲ့ တစ်လလောက်အချိန်အတွင်း လှုပ်ရှားမှုတွေမှာ သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်နဲ့ မြန်မာ့အရေးကိစ္စကို လုပ်နိုင်တာတွေ့တယ်။ မြန်မာအစိုးရ ကိုယ်စားလှယ်တွေကိုလည်း အမေရိကန်အစိုးရရဲ့သဘောထားကို ပိုပြီး ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောနိုင်ခဲ့တာရှိတယ်။ အဲဒီအပေါ်မှာလဲ မြန်မာအစိုးရဘက်က တစုံတရာတုံ့ပြန်ဖို့ အလားအလာတွေလည်း ရှိတာတွေ့ရတယ်။အဲဒီတော့ ထူးခြားမှုဆိုတာကတော့ ကျနော်တို့အချိန် စောင့်ကြည့်ရဦးမှာပေါ့။ အရင်တုန်းကတော့ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ဘဲလ်က မြန်မာ့အရေးကိစ္စကို တာဝန်ခံဆောင်ရွက်တယ်။ သို့သော်လည်း ကာ့တ်ကမ့်ဘဲလ် ကိုယ်နိုက်ကိုယ်က အာရှနဲ့ပစိဖိတ်ဆိုင်ရာနိုင်ငံပေါင်း ၄၀ ကျော်ကို တာဝန်ယူရတဲ့အခါကျတော့ မြန်မာနိုင်ငံ

စာမျက်နှာ ၁၆ သို့

# ပြည်နယ်တွေနှင့် အပေးအယူလုပ်ဖို့ သမတကို အကြံပေးများက တိုက်တွန်း

**RFA ၊ အောက်တိုဘာ ၃ ။** ။မြန်မာနိုင်ငံမှာ ပြည်နယ်တွေကိုသီးခြား ခွဲထွက်ခွင့်ပြုမှာမဟုတ်ပေမယ့် အစိုးရနဲ့ တိုင်းရင်းသားတွေ အကြား အပေးအယူသဘောမျိုး လိုက်လျောမှုရှိတဲ့ ညှိနှိုင်းမှုတွေကို ဆောင် ရွက်နိုင်ဖို့ သမ္မတဦးသိန်းစိန်ကို အကြံပြုသွားမယ်လို့ သမ္မတရဲ့ နိုင်ငံ ရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာ နေဇင်လတ်က RFA ကို ဒီကနေ့ပြော ဆိုလိုက်ပါတယ်။

သမ္မတဦးသိန်းစိန်ရဲ့ အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြတဲ့ ဦးကိုကို လှိုင် ဦးဆောင်တဲ့အဖွဲ့ဟာ အင်ဒိုနီးရှားနိုင်ငံကို စက်တင်ဘာ ၂၅ ရက် နေ့ ကနေ အောက်တိုဘာ ၁ ရက်နေ့ အထိ သွားရောက်ပြီးအင်ဒိုနီးရှား နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေကို လေ့လာခဲ့ကြပါတယ်။ ဒီခ ရီးစဉ်အတွင်း လေ့လာတွေ့ရှိချက်တွေကိုမူတည်ပြီး အကြံပြုမှာဖြစ် ကြောင်း နိုင်ငံရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာ နေဇင်လတ်က အခုလို ပြောဆိုလိုက်တာပါ။

"Negociation ဘယ်လိုလုပ်မလဲ ဘာတွေပေးပြီး ဘာပြန်ယူမ လဲပေါ့။ အဓိကကတော့ သီးခြားပြည်နယ် ခွဲထွက်ဖို့ တောင်းဆိုခွင့်တော့ မရှိနိုင်ဘူးပေါ့ဗျာ။ ပြည်ထောင်စုကြီးက ပြိုကွဲသွားမှာကိုး။ သို့သော် လည်း သူ့နယ်မြေအလိုက် သူ့ရဲ့အင်အားအလိုက် အဲဒီအပေါ်မှာတော့ ကျတော်တို့ အပေးအယူ Adjustment လေးတော့ ရှိမှာပေါ့။"

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် အစိုးရနဲ့ အင်ဒိုနီးရှား ဗဟို အစိုးရတို့အကြား ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့ပုံတွေကို အခြေခံပြီး မြန် မာနိုင်ငံမှာ ငြိမ်းချမ်းရေးပေါ်ပေါက်ဖို့ အတွက် သမ္မတဦးသိန်းစိန်ကိုအ ကြံပြုတင်ပြမှာဖြစ်တယ်လို့ ဒေါက်တာနေဇင်လတ်ကပြောပါတယ်။

သမ္မတအကြံပေးအဖွဲ့ဝင် ဒေါက်တာနေဇင်လတ်ရဲ့ ဒီပြောကြား ချက်အပေါ် တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့နဲ့စုစည်းထားတဲ့ UNFC အတွင်းရေးမှူး နိုင်ဟံသာက ကြိုဆိုလိုက်ပြီး တိုင်းရင်းသားအဖွဲ့အ စည်းတွေအနေနဲ့လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပေါ်ပေါက်လာအောင် အထောက်အကူပြု ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းပြောပါတယ်။

"တခြားနိုင်ငံတွေက အတွေ့အကြုံတွေယူပြီး အပြောင်းအလဲ တွေလုပ်မယ်ဆိုရင်တော့ ကောင်းပါတယ်။ ကျနော်တို့ကလည်း ငြိမ်း ချမ်းရေးနဲ့ ညီညွတ်ရေးကို လိုချင်တာပါ။ စေတနာမှန်ရင်တော့ဖြေရှင်း လို့ရမှာပါ။ ကျနော်တို့ကလည်း ခွဲထွက်ရေးကို ဦးတည်တာမဟုတ်ပါ ဘူး။ ဒါပေမဲ့ ကိုယ့်ပြည်နယ်မှာ ကိုယ့်ဘာသာစကား၊ စာပေ၊ ယဉ်ကျေး မှုရော၊ ကိုယ့်အုပ်ချုပ်ရေးပိုင်း ဆိုင်ရာပေါ့နော်။ စီမံခန့်ခွဲရေးတွေတော့ ရှိဖို့လိုပါတယ်။ တကယ့်စေတနာမှန်နဲ့ ပြေလည်ရာ ပြေလည်ကြောင်း လုပ်မယ်ဆိုရင် ကျနော်တို့လည်းအထောက်အကူပေးနိုင်ပါတယ်။"

အင်ဒိုနီးရှားနိုင်ငံခရီးစဉ် အတွင်း သမ္မတအကြံပေး အဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ဦးကိုကိုလှိုင်၊ဒေါက်တာနေဇင်လတ်၊ဦးဆက်အောင်နဲ့ဒေါ်ခင် မျိုးမြင့်တို့ဟာ အင်ဒိုနီးရှားနိုင်ငံက အစိုးရ ထိပ်တန်းခေါင်းဆောင်တွေ၊ မြန်မာ့အရေး ဆောင်ရွက်နေတဲ့ အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC နဲ့ NGO အဖွဲ့အစည်းတွေကို တွေ့ဆုံခဲ့ကြောင်းသိရပါတယ်။

---

# လူ့အခွင့်အရေးကိစ္စပြောဖို့ တိုက်တွန်း

**RFA ၊ အောက်တိုဘာ ၄ ။** ။ ထိုင်းဝန်ကြီးချုပ်သစ်ရဲ့ မြန်မာနိုင်ငံ ခရီးမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေအပြင်၊ လူ့အခွင့် အရေးကိစ္စတွေကိုလည်း ဆွေးနွေးသင့်ကြောင်း HRW လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က တိုက်တွန်းလိုက်ပါတယ်။

ထိုင်းဝန်ကြီးချုပ် Yingluck Shinawatra ဟာ သူ့ရဲ့ ပထမဆုံး မြန်မာနိုင်ငံခရီးအဖြစ် ဒီကနေ့ နေပြည်တော်ကို နေ့ချင်းပြန်ခရီးလာ ရောက်မှာဖြစ်ပါတယ်။ ထိုင်းဝန်ကြီးချုပ်ရဲ့ အလည်အပတ်ခရီးဟာ မြန် မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနဲ့ ပြုပြင်ပြောင်းလဲရေးတွေ ကို အားပေးဖို့ဖြစ်ကြောင်း ထိုင်းအစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့ ပါတယ်။

Ms. Yingluck ဟာ သမ္မတဦးသိန်းစိန်နဲ့ တွေ့ဆုံမှာဖြစ်ပေမဲ့၊ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၊ ဒါမှမဟုတ် တိုင်းရင်း သားနိုင်ငံရေးပါတီခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်မရှိဘူးလို့ သိရပါတယ်။ အလားတူ မြန်မာအစိုးရနဲ့တွေ့ဆုံရာမှာလည်း နှစ်နိုင်ငံ ကြား ရေရှည်ကိစ္စရပ်တွေဖြစ်တဲ့ ထားဝယ်ရေနက် ဆိပ်ကမ်း ကိစ္စ၊ ထိုင်း မြန်မာနယ်စပ်က တစ်သိန်းခွဲလောက် အရေအတွက်ရှိတဲ့ မြန်မာဒုက္ခ သည်များကိစ္စ၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမား နှစ် သန်းလောက်ရဲ့ တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ကိစ္စနဲ့ နယ်စပ်ကုန် သွယ်ရေးကိစ္စတွေကိုပဲ ဆွေးနွေးကြမယ်လို့ မျှော်လင့်ကြပါတယ်။

HRW လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ အာရှရေးရာ လက် ထောက် ညွှန်ကြားရေးမှူး Elaine Pearson က - ထိုင်းဝန်ကြီးချုပ် အနေနဲ့မြန်မာနိုင်ငံက ထိုင်းရင်းနှီးမြှုပ်နှံမှုတွေအပေါ် စိုးရိမ်သလိုမြန် မ ာနိုင်ငံကလူ့အခွင့်အရေးအခြေအနေတွေအပေါ်လည်း စိုးရိမ်ကြောင်း မြန်မာခေါင်းဆောင်တွေကို ရှင်းရှင်းပြောဖို့ သင့်ကြောင်း၊ ဒီလိုပြောဆို တာဟာ နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွှတ်ပြီး၊ လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုတွေ အတွက် တိကျခိုင်မာတဲ့အချိန်ဇယား တစ်ရပ် ရှိထားတဲ့ မြန်မာကိုသာ အာဆီယံဥက္ကဋ္ဌအဖြစ် ထိုင်းနိုင်ငံက ထောက် ခံနိုင်မှာ ဖြစ်တယ်လို့ ဆိုလိုရာ ရောက်မှာ ဖြစ်ကြောင်း ကြေညာချက်မှာ ပြောကြားခဲ့ပါတယ်။

---

**စာမျက်နှာ ၁၅ မှ**

အရေးနဲ့ပတ်သက်လို့ရှိရင် နေ့တဓူဝတာဝန်ယူနိုင်စွမ်းမရှိပါဘူး။ အခု လိုမျိုး မြန်မာ့အရေးကိစ္စကို နေ့တဓူဝတာဝန်ယူပြီးတော့ ဖြစ်ပျက်သမျှ တွေကို တုံ့ပြန်မှုတွေလုပ်ဖို့အတွက် အခုလို အမေရိကန် အထူးသံတ မန်တစ်ယောက် တရားဝင်အချိန်ပြည့် ခန့်ထားတဲ့အတွက် ဒါက တိုး တက်မှုတခုပါပဲ။"

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ကျင်းပတဲ့ ဒဲရက်မစ် ချဲလ်ရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို ဝန်ကြီးကလင်တန်နဲ့တကွ နိုင်ငံတကာ က သူ့ကိုချစ်ခင်လေးစားကြတဲ့ ဂျပန်၊ ကိုရီးယား၊ ဗီယက်နန်၊ ကမ္ဘော ဒီးယားအပါအဝင် နိုင်ငံတကာသံအမတ်တွေ၊ စစ်သံမှူးတွေ သာမက မြန်မာ့အရေး ဆောင်ရွက်နေတဲ့ NGO နဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက အဆင့်မြင့် အရာရှိ အများအပြားပါ တက်ရောက်ခဲ့ကြပါတယ်။

# တောင်အာဖရိက ဇေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

**ခင်မမမျိုး**

## အပိုင်း ၂

**ယခင် အပတ်အဆက်**

အချိန်အခါနှင့် နိုင်ငံရေး အခင်းအကျင်း

(၁၉၈၀) ကာလတွေမှာ ဖြစ်ပွားခဲ့ကြတဲ့ တောင်အာဖရိက အစိုးရနဲ့ အတိုက်အခံ တော်လှန်ရေးသမားတွေအကြားက ထိပ်တိုက် ရင်ဆိုင်မှုတွေမှာ အတိုက်အခံတွေရဲ့ အသက်တွေ အများအပြားဆုံးရှုံး ခဲ့ရပါတယ်။ တချိန်တည်းမှာပဲ တောင်အာဖရိကနိုင်ငံကို နိုင်ငံတကာ က စီးပွားရေးပိတ်ဆို့မှုနဲ့ အရေးယူထားတာကြောင့် နိုင်ငံရဲ့စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာလဲ ထိခိုက်မှုတွေ ရှိလာခဲ့ပါတယ်။ အစိုးရ ဘက်မှာကလဲ လက်နက်အင်အား၊ လူအင်အား၊ စီးပွားရေးအရင်း အမြစ်အားလုံးကို ပိုင်ဆိုင်ထားတယ်ဆိုပေမယ့် လူထုထောက်ခံမှုနဲ့ နိုင်ငံတကာ တရားဝင်မှုကို ဘယ်လိုမှလုပ်ဆောင်လို့မရပါဘူး။ အစိုးရ အဖွဲ့ခေါင်းဆောင်တွေက အင်အားသုံးဖြေရှင်းရုံနဲ့ တိုင်းပြည်ရဲ့ပဋိပက္ခ တွေကို ဖြေရှင်းလို့ မရနိုင်တော့ဘူးဆိုတာကို သဘောပေါက်စပြုလာ ကြပါတယ်။

မင်ဒဲလားနဲ့ သူ့ရဲဘော်တွေကလဲ အစိုးရကို ထိပ်တိုက်ရင်ဆိုင် ခြင်းဖြင့် ကျောက်တုံး ကျောက်ဆောင်တွေကို ခွဲနေရတဲ့ အခြေအနေ မျိုးမှာ ရောက်နေခဲ့တာဖြစ်ပါတယ်။ မင်ဒဲလားဟာ အကျဉ်းချခံထား ရပေမယ့် ဥပဒေ၊ ဘောဂဗေဒနဲ့ သမိုင်းပညာရပ်တွေကို ဆည်းပူးနေခဲ့ ပါတယ်။ လူထုအရေးတော်ပုံအပြီးမှာ တော်လှန်ရေးသမားအများ အပြား ထောင်ထဲရောက်လာခဲ့တာကြောင့် မင်ဒဲလားနဲ့ သူ့ရဲဘော်တွေ ဟာ ထောင်ထဲမှာ နိုင်ငံရေး၊ ဥပဒေနဲ့ ဘောဂဗေဒ ပညာရပ်ဆိုင်ရာ လေ့လာမှုတွေပြုလုပ်ကြပါတယ်။ အပြန်အလှန်ဆွေးနွေးငြင်း ခုန်မှု တွေပြုလုပ်လာကြပြီး၊ ပညာရပ်ဆိုင်ရာ မှတ်စုတွေကိုလဲ လျှို့ဝှက်ဖြန့် ဖြူးမှုတွေ လုပ်လာကြတာကြောင့် အခြေအနေကို လေ့လာသုံးသပ် နိုင်စွမ်းတွေ တိုးမြင့်လာခဲ့ပါတယ်။

ထိပ်တိုက်ရင်ဆိုင်မှုအပေါ်မှာ လူထုရဲ့ ထောက်ခံမှုနဲ့ နိုင်ငံတ ကာရဲ့ အားပေးမှုတွေ ရရှိနေပေမယ့် အဆုံးသတ်အောင်ပွဲကို ဆောင် ကျဉ်းပေးနိုင်ဖို့အတွက် အတိုက်အခံဘက်မှာ capability မရှိဘူး ဆိုတာကို သဘောပေါက် နားလည်လာကြပါတယ်။ တောင်အာဖရိက နိုင်ငံရဲ့ စီးပွားရေးအခြေအနေ ပျက်ယွင်းနေမှုတွေ၊ လူထုရဲ့ လူနေမှု ဘဝ ယိုင်လဲပျက်စီးနေမှုတွေ၊ ပဋိပက္ခတွေ ရှည်ကြာနေခြင်းကြောင့် ဖြစ်ပွားနေတဲ့ ဆိုးကျိုးတွေကို ထည့်သွင်းစဉ်းစားလာကြပါတယ်။ထော င် သွင်းအကျဉ်းချခံထားရစဉ် တလျှောက်မှာ မင်ဒဲလားအနေနဲ့အစိုးရ အပေါ်မှာ uncompromising competitive stance ကနေ ရပ်တည် လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် (၁၉၉၀) ခုနှစ်မှာ အစိုးရက လွှတ်ပေး ဖို့ ကမ်းလှမ်းလာချိန်မှာတော့ အစိုးရအနေနဲ့ နိုင်ငံတကာ စံနှုန်းတွေ အပေါ် အခြေခံတဲ့ multiracial democracy စနစ်ကို အသွင်ကူးပြောင်း ရေး စတင်ပြုလုပ်ရမယ်လို့ pre-condition ချမှတ်ပြီး၊ ဇေ့စပ်ဆွေး နွေးရေး ခြေလှမ်းကို စတင်လိုက်ပါတော့တယ်။

ဒီလို မင်ဒဲလားကိုလွှတ်ပေးရန် ဆုံးဖြတ်တဲ့ အစိုးရရဲ့ ဆုံးဖြတ် ချက်နဲ့ လက်ခံပြီး pre-condition တခု ချမှတ်ကာ ဇေ့စပ်ဆွေးနွေးရန် စတင်လိုက်တဲ့ မင်ဒဲလားရဲ့ ခြေလှမ်းစတာတွေကို တွေ့မြင်လာကြတဲ့ နှစ်ဖက်ခေါင်းဆောင်အချို့နဲ့ ပညာရှင်တွေကလဲ ဇေ့စပ်ဆွေးနွေးရေး ဖြစ်စဉ်ကြီးစတင်လာနိုင်ဖို့ ကြိုးပမ်းမှုတွေ ပြုလုပ်လာကြပါတယ်။ နှစ် ဘက်ခေါင်းဆောင်တွေနဲ့ပညာရှင်တွေက တိုးတိုးတမျိုး၊ ကျယ်ကျယ် တဖုံ တွေ့ဆုံစကားပြောမှုတွေ ပြုလုပ်လာကြပြီး၊ တဘက်နဲ့တဘက် ရဲ့အခြေအနေကို သွေးတိုးစမ်းလာကြပါတယ်။

ထိပ်တိုက်ရင်ဆိုင်မှု ပြုခဲ့ကြတဲ့ ပဋိပက္ခထဲက အဖွဲ့အစည်းတွေ အနေနဲ့ ဇေ့စပ်ဆွေးနွေးပွဲတွေ တရားဝင် မစတင်ချိန်မှာ တဘက်နဲ့ တဘက် သွေးတိုးစမ်းမှုတွေ ပြုလုပ်လေ့ရှိကြပါတယ်။ ညစာစားပွဲတွေ၊ ပွဲလမ်းသဘင်တွေ၊ နီးနှောဖလှယ်ပွဲတွေ ပြုလုပ်ပြီး အပြန်အလှန်ဖိတ် ကြားတက်ရောက်မှုတွေ လုပ်တတ်ကြပါတယ်။ ဒီလိုလုပ်ဆောင်ရင်း တဘက်ရဲ့လိုအပ်ချက်နဲ့ အကျိုးစီးပွားတွေကို မသိမသာ အကဲခတ် လေ့ရှိကြပါတယ်။ ဒါတွေကို ပြုလုပ်ထားမှသာ လက်တွေ့ ဇေ့စပ်ဆွေး နွေးပွဲတွေကို အထောက်အကူပြုလာနိုင်မှာဖြစ်ပါတယ်။

ပဋိပက္ခရေးရာ ကျွမ်းကျင်သူတွေကတော့ ဒီလို သွေးတိုးစမ်း မှုတွေကို testing the waters လို့ သုံးနှုန်းပါတယ်။ ရေထဲမဆင်းခင် ရေအတိမ်အနက် မည်၍မည်မျှရှိမယ်ဆိုတာကို စမ်းသပ်ကြည့်တဲ့ သ ဘောပါပဲ။ ဇေ့စပ်ဆွေးနွေးရေးဖြစ်စဉ်မှာ ဒီလိုသွေးတိုးစမ်း ကာလ ကအလွန်အရေးကြီးပါတယ်။ တဘက်နဲ့တဘက်စောင့်ကြည့်လေ့လာ ကြတဲ့ကာလဖြစ်ပြီး၊ တဘက်ရဲ့ အကျိုးစီးပွားနဲ့ လိုလားချက်တွေကို တဘက်က လေ့လာရာကနေ ဘုံအကျိုးစီးပွားတွေ၊ common ground တွေကို ရှာဖွေကြတဲ့ ကာလဖြစ်လို့ပါပဲ။ ဒီလို အခြေအနေမှာ နှစ်ဘက်ခေါင်းဆောင်တွေ၊ ပညာရှင်တွေနဲ့ စာနယ်ဇင်းသမားတွေကို အခြေအနေမှန် ရိပ်စားမိခြင်းမရှိတဲ့ မိမိတို့ ဘက်တော်သားတွေက ဝေဖန် ပြောဆိုစွပ်စွဲမှုတွေ ပြုလုပ်လေ့ရှိပါတယ်။

ပိုပြီးဆိုးရွားစေတဲ့အချက်က ခေါင်းဆောင်တွေ၊ ပညာရှင်တွေနဲ့ စာနယ်ဇင်းသမားတွေကလဲ သွေးတိုးစမ်းမှုကို လုပ်ကြည့်နေရဆဲကာ လဖြစ်တဲ့အတွက် ဘာကိုမှ သေချာပေါက်အာမခံပြီး ပြောဆိုနိုင်ခြင်း မရှိသေးတဲ့အခါ အခြေအနေကို အားမလို၊ အားမရ ဖြစ်မှုတွေ ပေါ်ထွက် လာတတ်ပါတယ်။ ဒါတွေဟာ ကောင်းမွန်တဲ့ ပြောင်းလဲမှုကို ဦးတည်တဲ့ ဇေ့စပ်ဆွေးနွေးရေးဖြစ်စဉ် မစတင်ခင်မှာတဘက်နဲ့တဘက် သွေးတိုး စမ်းရတဲ့ အချိန်ကာလတခုရှိတယ်ဆိုတာကို သိရှိနားလည်ခြင်း အား နည်းချက်ကြောင့် ဖြစ်ပွားလာတာဖြစ်တဲ့အတွက် ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် ပေါ်ထွက်လာမယ့် အကျိုးအမြတ် (joint gains) ကို လေ့လာ ရှာဖွေနေတာဖြစ်ကြောင်း ခေါင်းဆောင်တွေက အများပြည်သူကို အသိ ပေးပြီး၊ အားမလိုအားမရဖြစ်မှုတွေကို ဖြေသိမ့်ပေးလေ့ရှိကြပါတယ်။

သွေးတိုးစမ်းကာလဆိုတာ အခန့်မသင့်ရင် ထိပ်တိုက်ရင်ဆိုင် မှုတွေဆီကို ပြန်လည်ဦးတည်သွားပြီး၊ ပဋိပက္ခရှည်ကြာစေတဲ့ အခက်

**စာမျက်နှာ ၁၈ သို့**

# မြန်မာအစိုးရနဲ့ ဝ တပ်ဆွေးနွေး

**BBC ၊ အောက်တိုဘာ ၂ ။** ။ UWSA ဝပြည် သွေးစည်း ညီညွတ်ရေးတပ်မတော်နဲ့ မြန်မာအစိုးရကိုယ်စားလှယ်တွေ စနေနေ့က လားရှိုးမြို့မှာ ဒုတိယ အကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲအကြောင်း အသေးစိတ်ကို ခုချိန်ထိ ထုတ်ဖော်ပြောဆိုမှု မရှိသေးပါဘူး။

ဒါပေမဲ့ စက်တင်ဘာ ၆ရက်နေ့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့စဉ်တုန်းက နှစ်ဖက် သဘောတူခဲ့တဲ့ အချက် ၄ ချက်အကြောင်း အသေးစိတ် ပြန်ဆွေးနွေးခဲ့ကြပုံရတယ်လို့ တရုတ်မြန်မာ နယ်စပ်က စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။

နှစ်ဖက်အကြား အပစ်အခတ်ရပ်စဲထားမှုကို ဆက်လက် ထိန်းသိမ်းထားရေး၊ ပိုင်နက် နယ်မြေ တခုနဲ့ တခု ဖြတ်သန်း သွားလာတဲ့အခါ အသိပေးအကြောင်းကြားရေး၊ အပြန်အလှန်ဆက်ဆံရေးရုံးတွေ ပြန်ဖွင့်ရေးနဲ့ နယ်စပ် ဖွံ့ဖြိုးရေးအတွက် မူလထားရှိခဲ့တဲ့ ကျန်းမာရေးပညာရေး၊လယ်ယာ စိုက်ပျိုးရေးဝန်ထမ်းတွေ ပြန်လည် ခန့်ထားရေးစတဲ့ အချက်တွေကို ပထမအကြိမ်နှစ်ဖက်တွေ့ဆုံစဉ်တုန်းက သဘောတူလက်မှတ်ရေးထိုးခဲ့ကြ ပါတယ်။

ဒါပေမဲ့ ဒီသဘောတူချက်တွေဟာ ရေရှည် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မဲ့ သဘောတူချက်မျိုးတွေ မဟုတ်ဘူးလို့ ဦးအောင်ကျော်ဇောက သုံးသပ်ပါတယ်။

တိုင်းရင်းသားပြဿနာအရေး ဖြေရှင်းနေတယ်လို့အစိုးရက ပြောနေပေမဲ့ လက်တွေ့မှာ ကချင်၊ ရှမ်းစတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေကို ဖိနှိပ်စစ်ဆင်နေပြီး နိုင်ငံရေးအရသိပ်အရေးမပါတဲ့ ဝပြည်သွေးစည်း ညီညွတ်ရေး တပ်မတော်လိုတပ်ဖွဲ့တွေကို တော့မြှောက်ပေးနေတဲ့ပေါ်လစီကို ကျင့်သုံးနေတာတွေ့ရတယ်လို့လည်း ဦးအောင်ကျော်ဇောက ဝေဖန်ပြောဆို သွားပါတယ်။

# ဂျပန်နဲ့ မြန်မာစီးပွားရေးဆွေးနွေး

**RFA ၊ အောက်တိုဘာ ၄ ။** ။ မြန်မာနဲ့ ဂျပန်အမတ်တွေဟာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေအပြင် ဂျပန် နဲ့ မြန်မာအကြားစီးပွားရေး ဆက်ဆံမှုတွေကို ဒီကနေ့ နေပြည်တော်မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံကိုရောက်ရှိနေတဲ့ ဂျပန် အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ဦးဆောင်တဲ့ အဖွဲ့ဟာ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်၊ ဂျပန်မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဦးခင်ရွှေအပါအဝင်လွှတ်တော် ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲ အကြောင်းနဲ့ပတ်သက်ပြီး ရခိုင် တိုင်းရင်းသားများတိုးတက်ရေးပါတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က အခုလို ပြောပါတယ်။

"မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲတွေကို သူတို့ စိတ်ဝင်စားတဲ့အကြောင်း၊အခုပြောင်းလဲတာတွေကိုဝမ်းသာတဲ့အကြောင်းနဲ့ပူးပေါင်းဆောင်ရွက်ချင်တဲ့သဘောတွေပြောတာလဲပါဝင်ပါတယ်။ဒီဘက်ကလဲ ဟိုအရင်ကတည်းက ဂျပန်နဲ့ မြန်မာဆက်ဆံရေး အကြောင်းတွေ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်တာတွေ ပြောဆိုဆွေးနွေးကြပါတယ်"။

ဂျပန် အောက်လွှတ်တော် အမတ်နဲ့ အဖွဲ့ဟာ မနေ့ကလဲ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်း အပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံခဲ့ပါတယ်။ ဒီကနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ လျှပ်စစ်ဓာတ်အားခရရှိသုံးစွဲပုံနဲ့ ပတ်သက်ပြီး လွှတ်တော်အမတ် ဦးခင်ရွှေက မေးခွန်း မေးမြန်းခဲ့ကြောင်းနဲ့ အမှတ် ၂ လျှပ်စစ်ဝန်ကြီးက သူတို့ လက်ရှိ ကောက်ခံနေတဲ့ နှုန်းထားများအကြောင်းနဲ့ အရှုံးခံပြီး လူထုကို ဖြန့်ဖြူးပေးနေတယ်လို့ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

ခဲဆုံးကာလဖြစ်တဲ့အတွက် ဘက်တဘက်အတွင်းမှာဖြစ်စေ၊ အခြားဘက်တဘက်နဲ့ ဆက်ဆံရေးမှာဖြစ်စေ အပြန်အလှန်နားလည်မှု၊ အမြော်အမြင်ကြီးမှုတို့အပေါ်မှာ အခြေခံဖို့လိုအပ်ကြောင်း ပညာရှင်တွေက သတိပေးပြောကြားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တောင်အာဖရိကမှာတော့ ဒီလိုသွေးတိုးစမ်းကာလရဲ့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ နှစ်ဘက်ခေါင်းဆောင်တွေနဲ့ ပညာရှင်တွေဟာ တဘက်နဲ့တဘက် deal လုပ်လို့ ရနိုင်မယ့် အခြေအနေတွေကို လေ့လာတွေ့ရှိသွားနိုင်ခဲ့ကြပါတယ်။

လူဖြူခေါင်းဆောင်တွေကလဲ မင်ဒဲလားနဲ့ အတိုက်အခံတွေကို ဆက်လက်နှိမ်နင်းနေရင် လူထုလှုပ်ရှားမှုတွေ အရှိန်ကောင်းလာပြီး ထိန်းချုပ်ရခက်ခဲမယ်၊ နိုင်ငံတကာက ဖိနှိပ်မှုတွေ ပိုများလာမယ်ဆိုတဲ့ ပကတိအခြေအနေမှန်ကို သိမြင်လာကြပါတယ်။ မင်ဒဲလားတို့ဘက်ကလဲလူမည်းအများစုဟာ အုပ်ချုပ်ရေးအတွေ့အကြုံမရှိမှု၊ ပညာရေးအခြေခံအားနည်းမှု၊ ဆင်းရဲနွမ်းပါးမှု အားနည်းချက်တွေရှိနေပြီး၊လူဖြူခေါင်းဆောင်တွေကသာ စည်းစိမ်ဥစ္စာနေတွေ၊ အုပ်ချုပ်ရေးကျွမ်းကျင်မှုတွေနဲ့အတူ နိုင်ငံက ထွက်ခွာသွားမယ်ဆိုရင် နောင်တက်လာမယ့်အစိုးရသစ်ဟာတိုင်းပြည်ပြန်လည်ထူထောင်ရေးဆိုင်ရာပြဿနာမျိုးစုံနဲ့ ရင်ဆိုင်နိုင်ရနိုင်ဖွယ်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလဲ ဖော်ဆောင်ရန် ခဲယဉ်းနိုင်ကြောင်း ပကတိအခြေအနေမှန်ကို သိမြင်လာကြပါတယ်။ ဒါကြောင့် majority rule ကို ချမှတ်ကျင့်သုံးပြီး၊ minority rights ကို ကာကွယ်သင့်ကြောင်း စဉ်းစားမိလာကြပါတယ်။

တပြိုင်နက်တည်းမှာပဲ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့တဲ့ ပဋိပက္ခတွေမှာ တိုင်းပြည်ရဲ့ လူမှုအဆောက်အအုံကို ထိခိုက်ပျက်စီးသွားစေခဲ့တယ်ဆိုတာကို နှစ်ဘက်စလုံးက လက်ခံလာကြပါတယ်။ လူမှုအဆောက်အအုံကို ပြန်လည်တည်ဆောက်ခြင်း မပြုလုပ်ဘူးဆိုရင် နောင်မျိုးဆက်တွေ ဒုက္ခရောက်တော့မှာကို သိမြင်လာကြတာနဲ့ အမှုပညာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်တာတွေမှာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း စဉ်းစားလာကြပါတယ်။

ဒီလို စဉ်းစားမှုတွေ၊ သိမြင်မှုတွေရှိလာပေမယ့် တဘက်နဲ့တဘက် ထိပ်တိုက်ရင်ဆိုင်ပြီး အနိုင်ယူဖို့ ကြိုးပမ်းခဲ့သူတွေအကြားမှာ သံသယတွေ၊ အမြင်မရှင်းမှုတွေ၊ မယုံကြည်မှုတွေ၊ နာကြည်းမှုတွေက အမြစ်တွယ်နေတာကြောင့် စေ့စပ်ဆွေးနွေးရေး ဖြစ်စဉ်ဟာခက်ခဲကြန့်ကြာမှုတွေရှိနိုင်သလို၊ ကန့်ကွက်မှုတွေလဲ ရှိလာနိုင်တယ်ဆိုတာကို လေ့လာသုံးသပ်မိကြပါတယ်။ ဒါကြောင့် ယုံကြည်မှုတည်ဆောက်ရေး (confidence building) ကို Bold Move တွေနဲ့ တည် ဆောက်ဖို့ ကြိုးပမ်းလာကြပါတော့တယ်။ **ဆက်လက်ဖော်ပြပါမည်**

# မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းမှုအပေါ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းအမြင်

**VOA၊ အောက်တိုဘာ ၆ ။** ။ အရီဇိုးနားပြည်နယ်က အထက်လွှတ်တော်အမတ်လည်းဖြစ်ပြီး တချိန်က အမေရိကန်သမ္မတလောင်း အဖြစ်လည်း ဝင်ရောက်အရွေးခံခဲ့ဖူးတဲ့ ဂျွန်မက်ကိန်းက မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် တစိုက်မတ်မတ် ထောက်ခံလာခဲ့တဲ့သူလည်းဖြစ်ပါတယ်။ မြန်မာအစိုးရသစ် တက်လာပြီးတဲ့နောက် ဂျွန်လထဲမှာ မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး မြန်မာအစိုးရ ထိပ်တန်းအရာရှိတွေအပြင် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံခဲ့သူဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ထဲမှာ မြန်မာသမ္မတဦးသိန်းစိန်က တရုတ်နဲ့မြန်မာဖက်စပ်လုပ်ကိုင်နေတဲ့ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်တဲ့အကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ရာမှာ အထက်လွှတ်တော် အမတ်ဂျွန်မက်ကိန်းကဒီဆုံးဖြတ်ချက်ကိုကြိုဆိုကြောင်းအောက်တိုဘာလ ၅ ရက်နေ့မှာ ကြေညာချက်တစောင် တုံ့ပြန်ထုတ်ပြန်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒေါ်လှလှသန်းက မစ္စတာမက်ကိန်းကို ဆက်သွယ်မေးမြန်းထားပါတယ်။

**VOA ။** ။ မြန်မာသမ္မတဦးသိန်းစိန်က ပြီးခဲ့တဲ့ သီတင်းပတ်က မြစ်ဆုံဆည်စီမံကိန်းကို ရပ်ဆိုင်းလိုက်တဲ့ ကြေညာချက်အပေါ် အထက်လွှတ်တော်အမတ်ရဲ့ အမြင်ကို သိချင်ပါတယ်ရှင်။

**John McCain ။** ။ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်တာဟာ အရေးကြီးတဲ့ ခြေလှမ်းဖြစ်မယ်လို့ ကျနော်ထင်ပါတယ်။ အကြောင်းကတော့ ဧရာဝတီမြစ်ကို ပြန်ပြင်လို့မရနိုင်တဲ့ပျက်စီးမှုမျိုး ဖြစ်စေပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း ထိခိုက်မှု ကြီးမားစေရုံသာမက မြန်မာအစိုးရအနေနဲ့ တရုတ်နိုင်ငံနဲ့ ခပ်ခွာခွာနေဖို့ လုပ်ဆောင်ရာကျတဲ့အတွက်လည်း ဒါဟာ ကျနော့်အမြင်အရ ကောင်းတဲ့ လက္ခဏာတရပ်ပါပဲ။

**VOA ။** ။ တနည်းပြောရရင်တော့ မြန်မာနိုင်ငံမှာ အပြောင်းအလဲလေပြည်လေညင်းတွေ စတင်တိုက်နေပြီလို့ ဆိုနိုင်ပါသလား။

**John McCain ။** ။ ကျနော့်အနေနဲ့ မြန်မာနိုင်ငံမှာ အပြောင်းအလဲတချို့ကို မြင်တွေ့နေရတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ ဒီအပြောင်းအလဲတွေက အကောင်းဘက်ကို ရှေ့ရှုမလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ကျနော် မြန်မာနိုင်ငံကို လွန်ခဲ့တဲ့လ အနည်းငယ်ကသွားရောက်ခဲ့စဉ်က မြန်မာအစိုးရကို ခြေလှမ်းတွေယူဖို့ တိုက်တွန်းခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့ နိုင်ငံတကာကြက်ခြေနီကော်မတီ ICRC ကို အကျဉ်းထောင်တွေဆီ သွားရောက်ခွင့်ပြုဖို့ စသည်တို့ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ မှုမမှန်မှုတွေရှိခဲ့ပေမယ့် ကျင်းပဖြစ်ခဲ့တာကိုတော့ ခြေလှမ်းအဖြစ် ရှုမြင်ခဲ့ပါတယ်။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အရင်ကထက် ပိုပြီးတော့ လွတ်လွတ်လပ်လပ်သွားလာခွင့် ရှိစေတဲ့အတွက်လည်း အကောင်းဘက်ကနေ ကျနော် ရှုမြင်နိုင်ပါတယ်။

ဒါပေမဲ့ သတိထားပြီးတော့မှ အကောင်းဘက်က ရှုမြင်ကြရမှာပါ။

**VOA ။** ။ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်တာဟာ ဒီမိုကရေစီနည်းကျတဲ့ လုပ်ရပ်ဖြစ်တယ်လို့ အထက်လွှတ်တော်အမတ်က ပြောထားတာတွေ့ရပါတယ်။ အခုလို အကောင်းဘက်က ရှုမြင်တဲ့ ခြေလှမ်းတွေ မြင်တွေ့နေရပြီဆိုတော့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ လျှော့ချဖို့ စဉ်းစားပေးနိုင်ပါသလား။

**John McCain ။** ။ အရာရာတိုင်းက ဖြစ်နိုင်ပါတယ်။ အချိန်ကာလရွေ့လျားလာတာနဲ့အညီပေ့ါ။ ဒါပေမဲ့ နောက်ထပ် ခိုင်မာတဲ့ ခြေလှမ်းတွေတော့ ယူဖို့ လိုအပ်ပါလိမ့်မယ်။ မြစ်ဆုံစီမံကိန်း ရပ်တန့်လိုက်ခြင်းဟာ ကျနော့်ကြေညာချက်မှာ ပြောခဲ့တဲ့အတိုင်း ဒီမိုကရေ စီနည်းကျတဲ့ ခြေလှမ်းပါပဲ။ နိုင်ငံသားတွေရဲ့ ဆန္ဒကို လိုက်လျှောခြင်းလည်းဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ဧရာဝတီမြစ်ကို ပျက်စီးစေရုံသာမက ဒီကထုတ်လုပ်မယ့် ရေအားလျှပ်စစ်ဟာလည်း တရုတ်ကို အဓိကထားရောင်းချမှာ ဖြစ်တာကြောင့်မို့ တရုတ်အတွက် အကျိုးအမြတ်အများကြီးရဖို့ရှိနေပါတယ်။

**VOA ။** ။ တရုတ်နိုင်ငံက ဒေါ်လာ ဘီလျံနဲ့ချီပြီး ရင်းနှီးမြှုပ်နှံထားတဲ့ ဒီမြစ်ဆုံစီမံကိန်း ရပ်ဆိုင်းလိုက်တဲ့အပေါ် တရုတ်ရဲ့အမျက်ကို မြန်မာအစိုးရက ခံနိုင်ရည်ရှိမှုအပေါ် အထက်လွှတ်တော်အမတ်ရဲ့ အမြင်ကို သိချင်ပါတယ်။

**John McCain ။** ။ ကျနော့အထင်ကတော့ အခုလို မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်ရင် ရင်ဆိုင်ရမယ့် အခြေအနေတွေကို မြန်မာအစိုးရဘက်က ထည့်တွက်ပြီးသားဖြစ်ပါလိမ့်မယ်။ ကျနော့်အမြင်ကတော့ မြန်မာ နိုင်ငံရဲ့ လှပတဲ့ ဧရာဝတီမြစ်ကြီး ပျက်စီးမှာကို စိုးရိမ်တဲ့ နိုင်ငံသားတွေရဲ့အသံကို အစိုးရက နားထောင်တယ်လို့ ကျနော်ထင်ပါတယ်။

**VOA ။** ။ အနောက်အုပ်စုက ချမှတ်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ မြန်မာနိုင်ငံကို တရုတ်နိုင်ငံလက်ထဲရောက်အောင် တွန်းပို့ရာ ရောက်စေတယ်လို့ ဝေဖန်ပြောဆိုမှုတွေလည်းရှိတာ တွေ့ရပါတယ်။ ဒီအပေါ် အထက်လွှတ်တော်အမတ်ရဲ့ အမြင်ကို သိချင်ပါတယ်။

**John McCain ။** ။ ဒဏ်ခတ်ပိတ်ဆို့မှုတွေက ထိရောက်တယ်လို့ ကျနော်ထင်ပါတယ်။ ဒီဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့်ပဲ အာဏာရအစိုးရဟာ အခုလိုခြေလှမ်းကို ယူလာတယ်လို့ဆိုနိုင်ပါတယ်။ ကျနော် ထပ်ပြီးပြောလိုတာကတော့ သူတို့ဘက်က နောက်ထပ်အခုလိုခြေလှမ်းတွေကို ယူမယ်ဆိုရင် ကျနော်တို့ဘက်ကလည်း တလှမ်းချင်းစီပဲ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရုတ်သိမ်းဖို့ တွန်းအားပေးနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ ပြောဖို့ စောလွန်းပါသေးတယ်။ ထပ်ပြီး ပြောလိုတာက ဒေါ်အောင်ဆန်းစုကြည်ကို ပိုပြီးလွတ်လပ်ခွင့်ပေးတာ၊ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းတာ၊ ကျနော့်ကို မြန်မာနိုင်ငံကို လာရောက်ပြီး တွေ့လိုသူတွေကို တွေ့ဆုံခွင့်ပေးခဲ့တာတွေကိုကြိုဆိုပါတယ်။ ဒါပေမဲ့ရှေ့ဆက်ရမယ့် ခရီးက အရှည်ကြီးပဲ ရှိပါသေးတယ်။

**VOA ။** ။ အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ပေါ်လစီ အပြောင်းအလဲ အလားအလာနဲ့ပတ်သက်လို့လည်း သိချင်ပါတယ်။

**John McCain ။** ။ အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ ပေါ်လစီ ရှင်းပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို သွားရောက်ခဲ့စဉ်က ပြောခဲ့သလိုပါပဲ။ ကျနော်တို့ဘက်က နှစ်နိုင်ငံကြား ဆက်ဆံရေးကောင်းမွန်ဖို့ ခြေလှမ်းတလှမ်းချင်းစီ လှမ်းသွားဖို့ ကျနော်တို့ဘက်ကတော့ အဆင်သင့်ပါပဲ။ မြန်မာအစိုးရဘက်က အခုလိုပဲ ခြေလှမ်းတွေကိုယူပြဖို့ လိုအပ်ပါတယ်။

# ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် ဆေးစစ်ခံနေရ

**DVB ၊ အောက်တိုဘာ ၅ ။** ။ ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်မှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်ကို ဘူးသီးတောင်က မြို့နယ်ဆေးရုံကိုထုတ်ပြီး ကျန်းမာရေး စစ်ဆေးနေရပါတယ်။

ကိုဌေးကြွယ်ဟာ တလနီးပါးဖျားနာခဲ့ပြီး မသက်သာတဲ့အတွက် ဘူးသီးတောင်အကျဉ်းထောင်ကနေထုတ်ပြီး အပြင် မြို့နယ်ဆေး ရုံကိုထုတ်ပြီး ဆေးစစ်ခဲ့ရတယ်လို့ သူ့ယောက်ဖ ကိုဖြိုးမင်းသိန်းက ပြောပါတယ်။

"ဌေးကြွယ်က ညနေပိုင်း ဖျားနေတာ တလကျော်လောက်ရှိပြီ။ အဲဒီအတွက် ကိုဌေးကြွယ်ကို ဓာတ်မှန်ရိုက်တယ်။ အီးစီဂျီရိုက်တယ်။ အဲဒါကို ဘူးသီးတောင်ဆေးရုံမှာ ထွက်ပြီးလုပ်ရတယ်။ ထောင်ဆေးရုံမှာမရှိတော့။ ကိုဌေးကြွယ် ကျန်းမာရေးအခြေအနေက နလုံးနည်းနည်းကြီးတယ်။ ညနေပိုင်းဖျားတာတော့ ဓာတ်မှန်ရိုက်တာနဲ့ ဘာမှထူးခြားမှု မရှိဘူး။

နောက်ထပ်သွေးတို့ ဆီးတို့ စစ်ဖို့အတွက် ကြိုးစားနေပါတယ်။ ရန်ကုန်ကနေ ဆေးဝါးတွေပို့ပေးဖို့ လုပ်နေတယ်။ ဟိုမှာ ဓာတ်မှန်တို့ အီးစီဂျီရိုက်ထားတာကို ရန်ကုန်သမားတော်တွေနဲ့ပြသမှာပါ၊သမားတော်တွေက သွေးတို့ ဆီးစစ်ဖို့ပြောလို့ ထောင်ကိုတင်ပြထားပါတယ်။"

ကိုဌေးကြွယ်ဟာ ပထမအကြိမ် ထောင်ကျတုန်းကလည်း သာယာဝတီထောင်ထဲမှာ အူလမ်းကြောင်းပိတ်တဲ့ရောဂါဖြစ်ခဲ့ပြီး သာယာဝတီဆေးရုံမှာ ခွဲစိတ်ကုသမှုခံယူဖူးပါတယ်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) က ပြောခွင့်ရသူကိုဌေးအောင်က ကိုဌေးကြွယ်ကို ထောင်ပြင်မှာ လုံလောက်တဲ့ ဆေးဝါးကုသခွင့်ပြုဖို့ အစိုးရကို တိုက်တွန်းပြောဆိုပါတယ်။

"မြန်မာပြည်အကျဉ်းထောင်တွေမှာ ထောင်ဆရာဝန်မရှိတာရှိသလို၊ ထောင်ဆေးရုံမရှိတာတွေလည်းရှိပါတယ်။ တချို့ထောင်တွေက ထောင်ဆေးရုံ၊ ထောင်ဆရာဝန်ရှိပေမယ့် ဆေးဝါးကုသမှုက အင်မတန်မှ နည်းပါတယ်။ အေအေပီပီ အနေနဲ့ကတော့ အကျဉ်းသားအားလုံးကို စိုးရိမ်သလို၊ ကိုဌေးကြွယ်အတွက်လည်း စိုးရိမ်ပါတယ်။ အရင်တုန်းကလည်း သာယာဝတီမြို့နယ်ဆေးရုံမှာ ခွဲစိတ်ကုသတာ မရလို့ အင်းစိန်ပြည်သူ့ဆေးရုံကြီးကို ရွှေ့ပေးရတယ်။ အခုလည်း ကျနော်တို့ အေအေပီပီအနေနဲ့ တောင်းဆိုချင်တာတော့ ဆေးဝါးဆရာဝန် ပြည့်စုံတဲ့ဆေးရုံကြီးကို ပြောင်းရွှေ့ကုသပေးသင့်ပါတယ်။"

ကိုဌေးကြွယ်ဟာ ၂၀၀၇ ခုနှစ် က လောင်စာဆီဈေးနှုန်း မြင့်တက်မှုနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို ကန့်ကွက်တဲ့အနေနဲ့ လမ်းလျှောက်ခဲ့ကြတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်ပြီး ထောင်ဒဏ် ၆၅ နှစ်ကျခံနေရသူပါ။

မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်တွေအတွင်းမှာ လက်ရှိ ကျန်းမာရေးမကောင်းတဲ့ နိုင်ငံရေးအကျဉ်းသား ၁၅၄ ယောက် ရှိနေပြီး ဆေးဝါးကုသခွင့်လုံလောက်စွာမရရှိဘဲ ကွယ်လွန်ခဲ့ရသူ နိုင်ငံရေးအကျဉ်းသား ၁၄၇ ယောက် ရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ထုတ်ပြန်ထားပါတယ်။


Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**